


# အံ့ဖွယ်လောကီပညာ

ရဲဘော်ဇေသန်း

တတိယအကြိမ်



mgyoe.com

mgyoe.com

# အံ့ဖွယ်လောကီပညာ

## ရဲဇော်ဇေဖသန်း

လူသည် ကမ္ဘာဦးအစ်မှစ၍
သဘာဝလောကနှင့် ရင်ဆိုင်ကာ အခက်အခဲအမျိုးမျိုး၊
ပြဿနာအမျိုးမျိုးကို ဖြေရှင်းရှင်သန်ခဲ့ရရာ
ဖြားဖြောင်လှသောအမှတ်စွတို့၌ သဘာဝနည်းဖြင့်
ဖြေရှင်း၍မရသော ကိစ္စတို့ကို သဘာဝပြင်ပနည်းဖြင့်
ဖြေရှင်းရန် ကြိုးစားခဲ့ကြရလေသည်။
ယင်းသည် လောကီပညာရပ်များ၏
မူလအစသဘောတာဝင်ဖြစ်သည်။

NF0055
2,500.00 KS

mgyoe.com

အံ့ဖွယ်လောကီပညာ၊ ရဲဘော်ပေသန်း
စာမျက်နှာ ၁၈၁+ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇/၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဧပြီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၃ ပြည့်စုံစာအုပ်တိုက်၏ ဒုတိယအကြိမ်မူ၊ (ပထမအကြိမ် - ၁၉၆၇)

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# အံ့ဖွယ်လောကီပညာ ရဲဘောဒ်ဖေသန်း

တတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| | နိဒါန်း | က |
| အခန်း (၁) | လူသားတို့၏ လောကီပညာ | ၁ |
| အခန်း (၂) | အရှေ့တစ်လွှား၏ လောကီပညာများ | ၂၃ |
| အခန်း (၃) | အီဂျစ်တို့၏ နတ်ပွဲများနှင့် ကိုးကွယ်မှု ဓလေ့များ | ၄၃ |
| အခန်း (၄) | ရေဝဒီ မှော်ပညာ | ၆၂ |
| အခန်း (၅) | ဂရိနှင့် ရောမတို့၏ မှော်ပညာ | ၇၅ |
| အခန်း (၆) | ရှေးမျိုးနွယ်များနှင့် မှော်ပညာ | ၈၇ |
| အခန်း (၇) | အမှောင်ခေတ်နှင့် အလယ်ခေတ်များ၏ စုန်းကဝေ | ၁၀၂ |


mgyoe.com

mgyoe.com

## အထက်လမ်းနှင့် အောက်လမ်းပညာများအကြောင်း


| | | |
|---|---|---|
| အခန်း (၈) | တောင်အာဖရိကနှင့် မြောက်အာဖရိကမှ မှော်ပညာများ | ၁၁၀ |
| အခန်း (၉) | မှော်ပညာနှင့် မှော်ပစ္စည်းများ | ၁၁၈ |
| အခန်း (၁၀) | မှော်ပညာနှင့် ကိုယ်အင်္ဂါအစိတ်အပိုင်း ကိုးကွယ်မှုများ | ၁၂၉ |
| အခန်း (၁၁) | အိန္ဒိယပြည်၏ ယောဂီငယ်များနှင့် ဖကီးများ | ၁၃၂ |
| အခန်း (၁၂) | အဖြေရှာမရသော အံ့ဖွယ်ဖြစ်ရပ်များ | ၁၃၉ |
| အခန်း (၁၃) | မြွေ | ၁၆၄ |


mgyoe.com

mgyoe.com

ကျော်ရှိုးပြုသော စာအုပ်

The Black Art by Rollo Ahmed.

မှီငြမ်းပြုသော စာအုပ်များ

Black Magic, Voodoo and The Occult.
The Origin of Man by Mikhail Nesturkh.
Witchcraft, Vampirism and Werewolves.
Symbols and Accessories of Magic.

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

လူတို့၏ လောကီပညာရပ်များသည် လူပေါ်ဦးစ အစောပိုင်းကပင် ပေါ်ပေါက်ခဲ့သည်။ တစ်နည်းဆိုသော် လူ့သမိုင်းနှင့် လောကီပညာသမိုင်းတို့၏ ရေစီးကြောင်းသည် နံ့သားချင်းယှဉ်နေသော အမှတ်တစ်ခုမှ မျဉ်းပြိုင်စီးဆင်းလာခဲ့ခြင်း ဖြစ်သည်။

ထိုသတ္တဝါသည် ရေထဲတွင်နေရာမှ ကုန်းပေါ်သို့ တွား၍ တက်လာခဲ့၏။ တောထဲတွင်နေရာမှ မြေပြန့်သို့ထွက်လာခဲ့၏။ ထိုအခါ အနီ သတ္တဝါသည် ကမ္ဘာပေါ်တွင် အဆင့်အမြင့်ဆုံးသတ္တဝါ ဖြစ်ခဲ့ရလေတော့သည်။

အနီသတ္တဝါကား လူပင်ဖြစ်၏။

ရှေးခေတ်လူတို့၏ ဘဝသည် ကျွန်ုပ်တို့ တွေးထင်သကဲ့သို့ လူဖြစ်လျှင်ဖြစ်ခြင်း၊ ပဒေသာပင်ခေတ်၌ ကြုံကြိုက်လျက် သာယာဝပြောစွာ နေထိုင်ခဲ့ရသည်လည်း မဟုတ်ပေ။ ရှေးခေတ်လူတို့၏ ဘဝသည် ဘေးအန္တရာယ်များ၊ ရောဂါဘယများ၊ ချို့တဲ့ရှားပါးမှုများနှင့် ပြွမ်းတီးလျက်ရှိပြီး ဘဝရပ်တည်ရေးအတွက် လုံးပမ်းနေရသောဒဏ်နှင့်

mgyoe.com

mgyoe.com



သဘာဝကို ဆန့်ကျင်တိုက်ခိုက်နေရသော အခက်အခဲများ၏ အောက်၌ သာလျှင် လုံးဝကျရောက်နေခဲ့ရသည်။

အမဲလိုက်ခြင်းမှာ အထူးသဖြင့် မွန်စတာဂိုးယန်းခေတ်များတွင် များပြားလာခဲ့၏။ အစောပိုင်းမှလူများမှာ သစ်သီး သစ်ဥသစ်ဖုကလေး များနှင့် တိရစ္ဆာန်ကလေးများကိုသာလျှင် စားသောက်လာခဲ့ ကြရသည်။ မွန်စတာရီးယန်းခေတ်မှ လူများသည် အထူးသဖြင့် အလတ်စား သား ကောင်များကို အမဲလိုက်ခဲ့ကြရ၏။ သားကောင်ကြီးများကိုမူ ရံဖန်ရံခါ ဆိုသလိုသာလျှင် စုပေါင်း၍ အမဲလိုက်တတ်ပေသည်။ မမာမကျန်း ဖြစ်ပြီး ညှိုးနွမ်းနေသော သားကောင်များကိုလည်း သတ်စားတတ်ကြ၏ ။

များစွာသော မနုဿဗေဒပညာရှင်များက စရိုမက်နွန်လူများ လက်ထက်တွင် သဘာဝဝင်အင်အားစုများနှင့် ပတ်သက်၍လည်း ကောင်း၊ နောင်အခါတွင် လူမှုရေးအင်အားစုများနှင့် ပတ်သက်၍လည်း ကောင်း အစောပိုင်းခံယူချက် အစွဲအလမ်းများ ပေါ်ပေါက်လာခဲ့ရသည် ဟု ယူဆခဲ့ကြပေသည်။

ဥပမာ အမဲလိုက်ခြင်းနှင့်ပတ်သက်ပြီး ပေါ်ပေါက်လာသော စုန်းအတတ်၊ မှော်အတတ်တို့ပင် ဖြစ်သည်၊ ထို့နောက်ကား ဘာသာ ကိုးကွယ်မှုများပင် ပေါ်ပေါက်လာခဲ့ပေသည်။

ပထမ၌ လူသည် သဘာဝ၏အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ် ၏။ ထိုစဉ်က ယခင်ကကဲ့သို့ပင် သဘာဝက လူကိုပြုပြင်ဖန်တီးပေး လျက် ရှိနေသေး၏။ နောင်သောအခါမှပင် လူသည် သဘာဝတရားကို သိမြင်လာပြီး သဘာဝကို စိုးမိုးချယ်လှယ်လာနိုင်ခဲ့ခြင်း ဖြစ်သည်။

ဤသို့ သဘာဝ၏ အစိတ်အပိုင်းတစ်ခု (တစ်နည်း) သဘာဝ ၏အချယ်လှယ်ခံဘဝမှ သဘာဝကို ချယ်လှယ်သူအဖြစ်သို့ တက်လှမ်း

mgyoe.com

mgyoe.com



လာခဲ့ရာ၌ များပြောင်လှစွာသော အခက်အခဲများကို ကျော်လွှားလာခဲ့ရမည်မှာလည်း သဘာဝပင် ဖြစ်ပေသည်။

ယင်းသို့ များပြောင်လှသော အခက်အခဲများကို ကျော်လွှားရာ၌ လူသည် သဘာဝနည်းဖြင့် ဖြေရှင်း၍မရသော အခက်အခဲများကို သဘာဝပြင်ပနည်းဖြင့် ဖြေရှင်းရန် ကြိုးစားအားထုတ်ကြည့်ကြမည်မှာလည်း အမှန်ပင်ဖြစ်ပေသည်။

ဤနည်းဖြင့် လူသည် သစ်ကြီးဝါးကြီးများကို မိမိ စွမ်းပကားဖြင့် ခုတ်လှဲနိုင်ကြောင်း၊ မိမိအတွက် အသုံးအဆောင် ဖြစ်နိုင်ကြောင်း မသိရှိမီကာလက သစ်ကြီးဝါးကြီးများကို ကိုးကွယ်ဆည်းကပ်ခဲ့ကြ၏။ တောကြီးတောင်ကြီးများကိုလည်း ပူဇော်ခဲ့ကြ၏။ မိုး၊ လေ၊ ရေ တို့ကိုလည်း ပသခဲ့ကြ၏။ သမုဒ္ဒရာကြီးများကိုလည်း ဖြတ်သန်းခြင်းငှာ မစွမ်းနိုင်ဟု မှတ်ယူကာ ကော်ရော်ခဲ့ကြ၏။

သို့တစေ ယမန်နေ့က လူတို့မသိနားမလည်သည့် ထင်မှတ်ခဲ့မိသော သဘာဝလျှို့ဝှက်ချက်များသည် ယနေ့ လူတို့သိရှိနားလည်လေ့လာအသုံးချနေသော သိပ္ပံပညာရပ်များ ဖြစ်လာခဲ့ပြီးဆိုသော စကားနှင့်အညီ လူတို့၏ အစဉ်တစိုက် ကြိုးပမ်းမှုကြောင့် နောင်သောအခါတွင် လူသည် လက်နက်ကိရိယာများကို တီထွင်ကိုင်ဆွဲလာကာ ယမန်နေ့က ကိုးကွယ်ဆည်းကပ်ခဲ့သော သစ်ကြီးဝါးကြီးများကို ခုတ်လှဲလာခဲ့၏။ တိရစ္ဆာန်က စုဆောင်းရုံသာ စုဆောင်းနိုင်၏။ လူသည်ကား ထုတ်လုပ်နိုင်သည်ဖြစ်ရာ ယင်းသစ်ကြီးဝါးကြီးများကိုပင် လူသုံးကုန်အဖြစ် ထုတ်လုပ်လာပြန်၏။ တောကြီးမျက်မည်းထဲမှာလည်း သဘာဝ၏ သယံဇာတပစ္စည်းများကို ထုတ်လုပ်လာခဲ့၏။ မည်မျှမြင့်မားသော တောတောင်ကြီးကိုပင်ဖြစ်စေ မိမိခြေဖဝါးအောက်သို့ ရောက်စေခဲ့၏။ မည်မျှ အသူတရာနက်လျက် မည်မျှကျယ်ပြန့်သော သမုဒ္ဒရာပင်ဖြစ်စေ လူသည်

mgyoe.com

mgyoe.com

ဖြတ်ကူးခဲ့ပြန်၏။

ကနဦးတွင် သရဲတစ္ဆေဆိုသူတို့ကို သူပင် ဖန်ဆင်းခဲ့၏။ သူပင် ကြောက်ရွံ့ခဲ့၏။ နောင်သောအခါတွင် ယင်းသရဲတစ္ဆေဆိုသူတို့ကို သူပင် သတ်ဖြတ်ခဲ့ပြန်ချေသည်။

အမှန်မှာ လူသည် သရဲတစ္ဆေကို ကြောက်ရွံ့သည်ဟုဆိုရလင့် ကစား လူ့လောက် ကြောက်စရာကောင်းသူဟူ၍ကား ဤလောကဌ် မရှိပြီ။

အကြောင်းမူ ထိုကြောက်စရာကောင်းပါသည်ဟုဆိုသော သရဲတစ္ဆေတို့ကို ဖန်ဆင်းသူမှာ လူသာလျှင် မဟုတ်ပါလော။

ဤစာအုပ်သည် လူသားတို့ လူ၏အသိ လူ၏အနှစ်သာရ အပြည့်အဝကို မရရှိမီစပ်ကြားကာလဌ် အယူသည်းခဲ့သော အယူသည်းမှုများကို ဖော်ပြအပ်သော စာအုပ်ငယ်မျှသာဖြစ်ကြောင်း ဝန်ခံလိုပေသည်။

**ရဲဘော်ဖေသန်း**

❑

mgyoe.com

mgyoe.com

# [ ၁ ]
# လူသားတို့၏ လောကီပညာ

## အတိတ်ကာလ၏ သဲလွန်စ

အင်း၊ အိုင်၊ ခလှဲ့၊ မျက်လှည့်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တာန်မှ စုန်းကဝေ မှော်ပညာအထိ လူသားတို့၏ လောကီပညာ မှန်သမျှတို့သည် လူ့သမိုင်းနှင့် တစ်ပြေးညီစွာဖြင့် မျဉ်းပြိုင်ပေါ်ထွန်းခဲ့ပေသည်။

ထို့ကြောင့် လောကီပညာ၏ မူလအစသည် ကမ္ဘာဦးလူသားတို့၏ ယေဘုယျဖြစ်စဉ် အစဦးပိုင်း၌ပင် မြစ်ဖျားခံခဲ့ရပေသည်။

ကမ္ဘာကြီးတွင် မှီတင်းနေထိုင်ကြကုန်သော သတ္တနွယ်ဝင်တို့တွင် လူသည်လည်း အပါအဝင်ဖြစ်သည်။ ဤသို့ လူသည် သတ္တလောက၏ တစ်နွယ်သော သတ္တဝါတစ်ကောင်သာလျှင် ဖြစ်သည့်အလျောက် သဘာဝ၏ ပြင်ပမှမဟုတ်သကဲ့သို့ သဘာဝနှင့် သီးခြားကင်းလွတ်နေသည်လည်း မဟုတ်၊ သဘာဝနှင့် တစ်ပြေးညီ တစ်သားတည်းဖြစ်ပြီး သဘာဝနိယာမ၏ စေညွှန်းရာအတိုင်း ကျင်လည်ကျက်စား သက်ဝင်လှုပ်ရှားနေရသူသာလျှင် ဖြစ်ပေသည်။

mgyoe.com

ယင်းအဓိပ္ပာယ်ကား လူကိုဖန်ဆင်းသူမှာ သဘာဝအပြင်၌ ရှိသော၊ သဘာဝအထက်၌ရှိသော တန်ခိုးတော်အနန္တရှင် တစ်ဦးဦး မဟုတ်ဘဲ လောကသဘာဝကပင် ဖန်ဆင်းခြင်းဖြစ်သည်ဆိုသော အဓိပ္ပာယ်ပင် ဖြစ်ပေသည်။

လူဘယ်နည်းဘယ်ပုံ စတင်ဖြစ်ပေါ်လာသည်ဆိုသော ပြဿနာကို ရှေးရှေးကပင်လျှင် လူသားတို့ စတင်ကြံဆလာခဲ့ကြသည်။ စူးစမ်းလေ့လာခဲ့ကြသည်၊ ယုံကြည်ချက်အမျိုးမျိုးလည်း ထားရှိလာခဲ့ကြသည်။

လူကို တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းလိုက်သည်ဆိုသည့် အယူအဆသည် လူသားတို့၏ ကိုးကွယ်မှုဘာသာရပ်တိုင်း၌ပင် အမြစ်တွယ်ခဲ့ပေသည်။ ထို့အတူ ဘုရားသခင်သည် လူကို သွန်းထုဖန်ဆင်းပြီး သူ၏ဝိညာဉ်တော်ကို တီထွင်ပေးခဲ့သည်ဆိုသည့် အယူအဆတစ်ရပ် သည်လည်း ထိုနည်းနှင်နှင်ပင် ဖြစ်သည်။

မည်သို့ဆိုစေ လူတို့သည် လူနှင့်တိရစ္ဆာန်တို့၏ တူညီမှုများကို တစ်တစ်စ လေ့လာမိသောအခါ လူဆိုသည်မှာ သဘာဝမှ ကင်းလွတ်ပြီး ဖြစ်ပေါ်လာသည်မဟုတ်၊ သဘာဝ၏ ပြုပြင်ဖန်တီးချက်အရပင် ဖြစ်ပေါ်လာခဲ့ရခြင်း ဖြစ်သည်ဆိုသော အယူအဆကို လက်ခံလာခဲ့ကြလေသည်။ ကုန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်က "လူက ရီတိယပ်(စ်) ဆိုသော ပုဂ္ဂိုလ်ကြီးက လူသားသည် မိခင်ကမ္ဘာမြေကြီး၏ ဝမ်းဗိုက်ထဲမှ တိုက်ရိုက်ခွဲထွက်လာခဲ့ခြင်းဖြစ်သည်" ဆိုသည့် အယူအဆကို ဖော်ထုတ် လာခဲ့ရာမှ အစပြုကာ လူသားတို့၏ တွေးခေါ်မြော်မြင်မှုတွင် ပြောင်းလဲမှု ကြီးတစ်ရပ် ပေါ်လာခဲ့လေသည်။

မြေကြီးမှ မွေးထုတ်လိုက်သည်ဆိုသော အယူအဆမှာ မှားယွင်း သော်လည်း လူတို့ကို တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းသည်ဆိုသော

mgyoe.com

mgyoe.com


အယူအဆကိုမူ ပထမဦးဆုံး စတင်တော်လှန်လိုက်ခြင်းပင် ဖြစ်လေသည်။

ထိုပုဂ္ဂိုလ်ကြီး၏ လက်ထက်မှ လွန်မြောက်၍ ၁၈ ရာစု အလွန် ၁၉ ရာစုအရောက်တွင် "ချားလ်(စ်)ဒါဝင်" ဆိုသော မနုဿဗေဒပညာရှင် တစ်ဦး ထွန်းကားလာခဲ့လေသည်။

ချားလ်(စ်)ဒါဝင်သည် အင်္ဂလန်ပြည်တွင် ၁၈၀၉ ခုနှစ်၌ မွေးဖွားခဲ့၏။ သူသည် ငယ်ရွယ်စဉ်အခါမှ ငါးနှစ်ကြာမျှ ကမ္ဘာလှည့်ပြီး ပါဏဗေဒပညာ၊ ရုက္ခဗေဒပညာ၊ ပျောက်ကွယ်လေပြီးသော ရှေးဟောင်း သတ္တဝါများကို လေ့လာသောပညာ၊ ဘူမိဗေဒပညာတို့နှင့် ပတ်သက်၍ မြောက်မြားစွာသော အချက်အလက်များကို စုဆောင်းခဲ့လေသည်။

ဤအချက်အလက်များအရ မျိုးဗီဇဟူသည် မပြောင်းမလဲဘဲ တည်ရှိနေသည်ဆိုခြင်းမှာမဟုတ်၊ ပြောင်းလဲနေကြောင်းကို တွေ့ရှိလာခဲ့ သည်။ သူသည် အင်္ဂလန်သို့ ပြန်လာကာ နောက်ရွာတစ်ရွာတွင် နေထိုင် ပြီး ကျမ်းစာအုပ်များ ပြုစုခဲ့လေသည်။

လောကဓာတ်သိပ္ပံပညာတွင် ဒါဝင်၏ကြီးစွာသော အထောက် အကူပြုချက်မှာ လူက ရွေးချယ်ဖန်တီးပေးချက်အရ တိရစ္ဆာန်များနှင့် အပင်များ မျိုးဆက်ပြန့်ပွားရာတွင် ပြောင်းလဲမှုများကို ပြုလုပ်ပေးနိုင် သည်ဆိုသော အချက်ပင်ဖြစ်၏။

သို့ရာတွင် ထို့ထက်ပို၍ အရေးကြီးသည့်အချက်မှာ "ဒါဝင်၏ သဘာဝရွေးချယ်မှုတရား" ကို တွေ့ရှိချက်ပင် ဖြစ်သည်။ သဘာဝ ရွေးချယ်မှုတရားသည် သဘာဝကြီးအတွင်း၌ တိရစ္ဆာန်များနှင့် အပင်များ ၏ အမျိုးဗီဇများကို ပြောင်းလဲစေခဲ့သည်။ သဘာဝရွေးချယ်မှု တရား သည် ပြောင်းလဲမှုသဘောနှင့်လည်းကောင်း၊ ရိုးရာအနွယ်သဘောနှင့် နီးကပ်စွာ ဆက်စပ်နေပေသည်။

mgyoe.com

mgyoe.com

ဒါဝင်၏ တစ်စတစ်စ ပြုပြင်ပြောင်းလဲလာသည်ဆိုသော သဘောတရားသည် သူ့လက်ထက်မတိုင်မီကာလက အခိုင်အမာ တည်ရှိနေသော မျိုးဇီဇမပြောင်းမလဲ အမြဲတည်သည်ဆိုသော ခံယူချက်ကို အကြီးအကျယ်ပင် ထိုးနှက်နိုင်လိုက်လေသည်။ ဒါဝင်ဝါဒသည် ဇီဝဗေဒပညာအားလုံးကို တော်လှန်ပြောင်းလဲပစ်လိုက်သည့် သဘောတရားပင် ဖြစ်သည်။

ဤနည်းဖြင့် သဘာဝဓမ္မ သိပ္ပံပညာအားလုံး အတွင်းသို့ ဒါဝင်၏ တော်လှန်ပြောင်းလဲသော အယူအဆသည် အောင်မြင်စွာ ထိုးဖောက်ဝင်ရောက်လာခဲ့ပေတော့သည်။

ဒါဝင်၏ ကျမ်းများသည် ရုပ်ဝါဒအခြေခံဖြစ်၍ လူသည် တိရစ္ဆာန်လောကမှ သဘာဝတရားအတိုင်း စတင်ဖြစ်ပေါ်လာသည်ဆိုသော သဘောတရားကို ထူထောင်ခဲ့၏။

၁၈၇၁ ခုနှစ်တွင် လူဆင်းသက်လာပုံဆိုသော ကျမ်းထွက်လာခဲ့၏။ ထိုကျမ်း၌ လူသည် တိရစ္ဆာန်လောကမှ ဆင်းသက်လာပုံကို ပို၍အရေးကြီးသော သက်သေများ အချက်အလက်များနှင့် တင်ပြခဲ့၏။

ထိုသို့ သက်သေပြရန်အတွက် အချက်အလက်များကို ဒါဝင်သည် နှစ်ပေါင်းသုံးဆယ်တိုင် စုဆောင်းခဲ့ရပေသည်။

ဤသို့ဖြင့် ဒါဝင်သည် တိရစ္ဆာန်လောကကြီး တစ်စတစ်စ ပြောင်းလဲလာသည်ဆိုသော သဘောတရားသစ်ကို ထူထောင်ခဲ့ရုံမကဘဲ လူစတင်ဖြစ်ပေါ်လာပုံကိုပါ အာရုံစိုက် လေ့လာဖြေရှင်းခဲ့ပေသည်။

လူ့သမိုင်းသည်ပင် လောကီပညာသမိုင်းဟု ဆိုထားပေရာ ကျွန်ုပ်တို့၏ လောကီပညာသမိုင်း လေ့လာမှုသည်လည်း ဒါဝင်ဝါဒ အစပြုသည့်နေရာမှာပင် အခြေပြုရပေမည်။

mgyoe.com

## လူသားတို့၏ ဆင့်ကဲဖြစ်ပေါ်တိုးတက်မှုအစ

နှစ်သန်းပေါင်းများစွာက သက်မဲ့ရုပ်ဝတ္ထုတို့ဖြင့်သာ အတိပြီးသော ဤကမ္ဘာမြေကြီးတွင် သက်ရှိရုပ်ဝတ္ထုတို့သည် တစ်စတစ်စ ဖြစ်ပေါ်တိုးတက်ခဲ့ပေသည်။ ထိုမှတစ်ဖန် သက်ရှိရုပ်ဝတ္ထုတို့သည် သတ္တလောကအဖြစ် တစ်စတစ်စ ဖွံ့နှောင်လာခဲ့ပြန်လေရာ ရေ သတ္တဝါ၊ ကုန်းသတ္တဝါ လေသတ္တဝါ အခြေမြောက်မြားစွာရှိသော သတ္တဝါ၊ အခြေခြောက်ချောင်းရှိသော သတ္တဝါ၊ အခြေလေးချောင်းရှိသော သတ္တဝါ အစရှိသောသတ္တဝါများ ပေါ်ပေါက်လာခဲ့ပေသည်။

ထိုနေရာ၌ အသေးငယ်ဆုံးသော ကလာပ်စည်းမှ အစပြုကာ တစ်ဖက်မှ အဆန်းကျယ်ဆုံး အပင်ဘဝသို့လည်းကောင်း၊ အခြားတစ်ဖက်မှ လူ့ဘဝသို့ရောက်အောင်လည်းကောင်း၊ အဆင့်တိုင်း အဆင့်တိုင်းတွင် မျိုးရိုးဇာတိသဘောနှင့် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ ဖြစ်တတ်သောသဘောတို့ ဆက်တိုက် ပဋိပက္ခဖြစ်မှုကြောင့် လူ့ဖြစ်စဉ်တိုးတက်လာခဲ့သည်ဟု မနုဿဗေဒ ပညာရှင်များက ဆိုခဲ့ကြပေသည်။

ထိုကာလကြီး၏ အဆင့်အမြင့်ဆုံးဖြစ်သည့် အခြေလေးချောင်းသတ္တဝါသည် ကြိုးစား၍ ပဒပ်ရပ်ရင်း ရပ်ရင်းမှပင် ရှေ့ခြေနှစ်ချောင်းနှင့် နောက်ခြေနှစ်ချောင်း တဖြည်းဖြည်း ကွဲပြားခြားနား လာခဲ့လေသည်။ နှစ်သန်းပေါင်းများစွာအတွင်း ရှေ့ခြေအစုံနှင့် နောက်ခြေနှစ်ချောင်းအစုံတာဝန်ခွဲဝေမှု ပိုမိုပြတ်သားလာသည်နှင့်အမျှ ခြေလေးချောင်းအစား ခြေနှစ်ချောင်းနှင့် လက်နှစ်ချောင်းအဖြစ်သို့ ကူးပြောင်းလာခဲ့ပေသည်။ ဤသို့ခြေ အဆစ်အမြစ်သို့သာ ပြောင်းလဲသည် မဟုတ်သေး ကျောရိုးလည်း လိုက်ပြောင်းလာခဲ့ပေသည်။ ကျောရိုးနှင့်အတူ ဦးခေါင်းခွံဆက်သော နေရာလည်း ရွေ့လျားလာခဲ့ပေသည်။

ပထမသော် လူ၏ဘိုးဘေးဖြစ်သော ခြေနှစ်ချောင်းသတ္တဝါ

mgyoe.com

mgyoe.com

သည် ကိုယ်ကိုမတ်တတ်ထားပြီး လျှောက်နိုင်သေးသည် မဟုတ်ဘဲ ကုန်းကွကွနှင့်သာလျှင် လျှောက်ခဲ့ပေသည်။ လက်မှာလည်း မလွတ်မလပ်သေး၊ ခြေကိုလက်ကကူ၊ လက်ကို ခြေကဖေး ဖြစ်နေခဲ့ရသေးသည်။

လက်၏အစွမ်းမှာလည်း တဖြည်းဖြည်းဖြင့်သာလျှင် တိုးတက်လာခဲ့ရပေသည်။ လက်၏အစွမ်း တဖြည်းဖြည်း တိုးတက်လာသည်နှင့် အမျှ ဦးနှောက်သည်လည်း ကြီးထွားလာပေသည်။

ထို့နောက် ခြေနှစ်ချောင်းသတ္တဝါသည် လုံးဝမတ်တတ်ရပ်နိုင်ပြီး လက်သည်း လုံးဝလွတ်မြောက်လာသောအဆင့်သို့ ရောက်လာသောအခါ ထိုသတ္တဝါ၏ အမျိုးအစားသည် အခြားသတ္တနွယ်ဝင်တို့နှင့် လုံးဝခြားနားလာခဲ့ရပေတော့သည်။

ဦးနှောက်သည်လည်း အလွန်ကြီးမားလာခဲ့သည်။ ထိုသို့ လုံးဝခြားနားစွာ တိုးတက်ဖြစ်ပေါ်လာသော ခြေနှစ်ချောင်း သတ္တဝါမှာကား လူသားပင်တည်း။

ဤသို့ လူသည် ခြေနှစ်ချောင်းပေါ်တွင် လုံးလုံးရပ်၍ လမ်းလျှောက်နိုင်ရန်အတွက် ကြီးစွာသော အားထုတ်မှုဖြင့် ကြိုးပမ်းအားထုတ်ခဲ့ရပေသည်။ ၎င်းဖြစ်စဉ်မှာလည်း ရှည်လျားလှသော ဖြစ်စဉ်ကြီးဖြစ်၏။ ဤဖြစ်စဉ်ကြီးအတွင်း၌ပင် လူသည် ယခင်ကကဲ့သို့ လမ်းလျှောက်ရာတွင် လက်များက လေးလံသော ကိုယ်ခန္ဓာကြီးကို ထိန်းပေးရန်မလိုတော့ဘဲ လက်များ လွတ်လပ်ခွင့်ရလာခဲ့လေသည်။

ဤကဲ့သို့ လမ်းမတ်တတ်လျှောက်ပြီးလျှင် လွတ်လပ်သော လက်များရှိကာ အဆင့်မြင့်မြင့် ဖွဲ့စည်းထားသော ဦးနှောက်ရှိသည့် သတ္တဝါမျိုးမှသာလျှင် လူသည် ဆင်းသက်လာနိုင်ပေသည်။

ဤဖြစ်စဉ်အတွင်းမှ လူသည် သက်ရှိသတ္တဝါအားလုံး၏

mgyoe.com

mgyoe.com


အကြား၌ ရှေ့တန်းအကျဆုံးသော နေရာသို့ရောက်ရှိလာခဲ့သည်။

လူဆိုသောကျွန်ုပ်တို့ မြန်မာစကားမှာလည်း မတ်မတ်လျှောက်သော အမိပွာယ်ကိုပင် ဆောင်ယူနေသည်မဟုတ်ပါလော။

ကျွန်ုပ်တို့၏ ဘိုးဘွားများမှာ ထင်ရှားသောစွမ်းရည်များ ရှိလာပြီဖြစ်ရာ ကိရိယာတန်ဆာပလာများလည်း လုပ်ကိုင်လာတော့သည်။ ထိုအတတ်ပညာများနှင့်အတူ စကားကိုလည်း ပီပီသသပြောဆိုနိုင်ခဲ့သည်။ ဤသို့အားဖြင့် လူသည် သဘာဝအပေါ်တွင် စိုးမိုးလာခဲ့သည်။

ကျွန်ုပ်တို့ ကမ္ဘာဦးလူတို့ သုံးစွဲခဲ့ကြသော ကျောက်၊ လက်နက်ကိရိယာများကို ကြည့်သောအခါ လူသည် မိမိအသုံးအဆောင်များ (တစ်နည်း) စားသုံးပစ္စည်းများအတွက် သဘာဝမှ ထုတ်နုတ်ယူရန်လည်းကောင်း၊ သားရဲတိရစ္ဆာန် စသော ရန်သူများ၏ဘေးရန်မှ ကာကွယ်ရန်လည်းကောင်း၊ လက်နက်ကိရိယာများ ကိုင်တွယ်သုံးစွဲ လာသည်ကို တွေ့ရပေသည်။

ဤတွင် လူသည် တိရစ္ဆာန်တို့ထက် သာလွန်လာခြင်းဖြစ်သည်။ တိရစ္ဆာန်သည် ကိုယ်ခန္ဓာတွင် အစိတ်အပိုင်းအဖြစ် ပါဝင်နေသော ခြေ၊ လက်၊ ဦးချို၊ အစွယ် အစရှိသော အရာများကိုသာ သုံးနိုင်သည်။

လူသည် ကိုယ်ခန္ဓာအစိတ်အပိုင်း မဟုတ်သော ကိုယ်ပမှပစ္စည်းများကို လက်နက်ကိရိယာများအဖြစ် အသုံးပြုနိုင်သည်။ ဤသည်ပင်လျှင် လူနှင့်တိရစ္ဆာန်တို့၏ ခြားနားချက် ဖြစ်သည်။

ထို့ကြောင့် အချို့ မနုဿဗေဒပညာရှင်တို့က "လူသည် လက်နက်ကိရိယာ ကိုင်စွဲတတ်သောသတ္တဝါ" ဟု ဝိဂြိုလ်ပြုခဲ့ကြပေသည်။ ထိုသို့ အတိုချုပ်ဆိုလိုက်ခြင်းအားဖြင့် လူ့သမိုင်းခရီးသည် စားဝတ်နေရေးကိစ္စများအတွက် သဘာဝထဲမှ ထုတ်နုတ်ရာ၌လည်း

mgyoe.com

mgyoe.com


ကောင်း၊ သဘာဝကို စိုးမိုးရန် တွေးခေါ်ရာ၌လည်းကောင်း၊ တိုတောင်းသော အချိန်အတွင်း၌ တစ်ချီတည်းဖြင့် ချောမောပြေပြစ်သွားသည်ဟု မယူဆအပ်ပေ။ လူ့သမိုင်းခရီးတွင် ချီတက်ရာ၌ လူသားသည် အစကနဦးတွင် စမ်းကာစမ်းကာဖြင့် ဒယီးဒယိုင်ချီတက်ခဲ့ရသည်။ ယိုင်လိုက်၊ မတ်လိုက်၊ လဲလိုက်၊ ထူလိုက်ဖြင့်လည်း လျှောက်ခဲ့ရပေသည်။ အမှား၊ အရှုံး၊ အသိန်း အသောင်းကိုလည်း ရင်ဆိုင်ခဲ့ရသည်။ ထိုကာလကြီးမှာလည်း၊ အရှည်အလျားကြီး ရှည်လျားခဲ့၏။ ဤသို့ အမှားများ၊ အရှုံးများကို ဖန်တစ်ရာတေအောင် ကာယကံမြောက် ထိတွေ့ကြုံဆုံ ခံစားပြီးမှပင်လျှင် အောင်ပွဲရခဲ့ခြင်းဖြစ်ပေသည်။

ယင်းသို့ လူသည် လူ့အသိကို စတင်ရရှိကာ လက်နက်ကိရိယာ ကိုင်ဆောင်နိုင်ပြီး ဖြစ်သော်လည်း သဘာဝတွင် သူမသိသော အရာများ၊ သူပိုင်းခြားဆင်ခြင်ခြင်းငှာ မတတ်နိုင်သောအရာများ၊ သူသည်းထိတ်ရင်ဖို၊ ကြောက်လန့်စိုးရွံ့နေသော အရာများ အများအပြားရှိနေပေသေးသည်။

တစ်ဖက်တွင် ထိုအရာတို့ကို အဖြစ်မှန်နှင့် သဘာဝတို့ကို ခက်ခဲစွာ ရှာဖွေရန် လက်လျှော့၍ အဖြစ်မှန်ထက် ပို၍လည်းကောင်း၊ လျော့နည်း၍လည်းကောင်း၊ တစ်နေရာတည်းကိုသာ စူးစိုက်၍ လည်းကောင်း၊ မိမိဆန္ဒပြီးမြောက်လိုရေးကိုသာလျှင် စိတ်စောလျက် အယူလွဲ၊ အမှတ်လွဲ၊ ကိုးကွယ်မှုလွဲ၊ အစွဲလွဲများ ပြုလုပ်ခဲ့ကြလေသည်။

ဤသည်မှာ သာမန်နည်းဖြင့် ဖြေရှင်း၍ မရသော ပြဿနာတစ်ရပ်ကို သဘာဝအတွင်းမှ ခက်ခဲပင်ပန်းစွာ ဖြေရှင်းခြင်း၊ ပြုခြင်းထက် သဘာဝပြင်ပမှဖြစ်သော တန်ခိုးအာနိသင်တစ်ခုခုဖြင့် ဖြေရှင်းရန် တွေးတောကြံဆလာခြင်းပင် ဖြစ်သည်။

မိမိပိုင်းခြားဆင်ခြင်ခြင်းငှာ မစွမ်းနိုင်သော ဘေးဒုက္ခများနှင့်

mgyoe.com

mgyoe.com


ရင်ဆိုင်သောအခါများတွင် တစ္ဆေ၊ သရဲ၊ မှင်စာ စသည်တို့ကို စိတ်ကူးဖြင့် ဖန်ဆင်း၍ ယူကြလေတော့သည်။ ဤဘေးမှ ကင်းလွတ်အောင် နတ်များကိုလည်း ပူဇော်လေသည်။ နေမင်းကို ကော်ရော်ကာ နေနတ်သားကို ပသလေသည်။ သဘာဝပြင်ပမှ တန်ခိုးအနန္တရှင်များကိုလည်း စိတ်ကူးဖြင့် ဖန်ဆင်းယူကာ အိမ်ဦးနတ်များအဖြစ် ကိုးကွယ်လာလေသည်။ အိမ်တွင် အဆောင်ကောင်းထားလျှင် ကောင်းသည်။ ကိုယ်ပေါ်တွင် လက်ဖွဲ့ဆောင်လျှင်အောင်သည် စသည့် အယူသီးမှုများလည်း ကမ္ဘာဦးလူသားတို့၏ အသည်းနှလုံးတွင် ကိန်းဝပ်စ ပြုလာခဲ့သည်။ ထိုအခါ အင်းအိုင်၊ ခလဲ့ လက်ဖွဲ့များလည်း ပေါ်လာတော့သည်။ ထိုအလုပ်များကို အချိန်မရွေးလုပ်မည့် မှော်ဆရာများလည်း ပေါ်လာတော့သည်။

ကောက်ပဲသီးနှံ စိုက်ပျိုးရာ၌ နက္ခတ်တာရာ ကြည့်ပြီး မိုးလေဝသလက္ခဏာများကို ဖတ်ကြားရမည့် ပရောဟိတ်များလည်း ပေါ်လာတော့သည်။ မှော်ဆရာများလည်း ရောဂါဘယများကို ကုစားရန်အတွက် ပေါ်လာတော့သည်။

ရောဂါဖြစ်လျှင် ယဇ်ပူဇော်ခြင်း၊ ကြီးကောင်ဝင်ပွဲများ ကျင်းပခြင်း၊ ပန်းဦးဆွတ်ပွဲများ ကျင်းပခြင်း၊ အပြစ်ကင်းစင်စေရန် ယတြာချေခြင်းများကိုလည်း အစဉ်တစိုက်ပင် ပြုလုပ်လာခဲ့ကြတော့သည်။

အသက်ရှင်နေခြင်းထက် သေခြင်းကို အကျယ်ချဲ့သော အယူအဆ၊ သေခြင်းသည် မလွန်ဆန်နိုင်သော ကိစ္စတစ်ရပ်ဖြစ်သည့် ဆိုသည့် အယူအဆ၊ ရုပ်ကြွင်းကို အထူးထူးအပြားပြား စီမံလျက် သိမ်းဆည်းထားလိုသည်ဆိုသော အယူအဆ စသည့်အယူအဆတို့ကိုလည်း ကမ္ဘာဦးလူသားတို့၏ အတွေးအမျှင်များအတွင်း၌ ရှုပ်ထွေးစွာပင် ဖွဲ့နှောင်လာခဲ့လေသည်။

mgyoe.com

mgyoe.com


ထိုမှတစ်ဖန် အသက်ဝိဉာဏ်ဆိုသောအရာကို ဆန်းစစ်လာကြသည်။ ဝိညာဉ်လောကဆိုသည်ကိုလည်း စောကြောလာကြသည်။ မျက်မှောက်ဘဝအပြင် အခြားဘဝများ ရှိ မရှိ ဆိုသည်ကိုလည်း ငြင်းချက်ထုတ်လာကြသည်။

သို့ဖြင့် နေ၊ လ၊ နက္ခတ်၊ မီး၊ တော တောင်တို့ကို ကိုးကွယ်ခြင်း၊ နတ်ကိုးကွယ်ခြင်း၊ ယဇ်ပူဇော်ခြင်း၊ မှော်အတတ်စသည်တို့မှ တစ်စတစ်စ ဘာသာ၊ အယူဝါဒ၊ အများအပြား ပေါ်လာသည်အထိပင် တိုင်ခဲ့တော့သည်။

မည်သို့ပင်ဖြစ်စေ လူတို့၏ လောကီပညာများသည် မည်သည့်ကာလမှ အစပြု၍ မည်သည့်ပုံသဏ္ဍာန်ဖြင့် ပေါ်ပေါက်လာသည် ဆိုသည်ကိုမူ ညွှန်ပြရန် အထူးပင်ခက်ခဲလှသည်။

သို့ရာတွင် ကမ္ဘာဦးခေတ်လူသားတို့၏ လောကီပညာနှင့် ပတ်သက်၍ အထောက်အထားများ မတွေ့ဟူ၍တော့မဟုတ်၊ အတန် ရေးကျလှသော အထောက်အထားများ၊ သက်သေခံပစ္စည်းများပင် တွေ့ရှိခဲ့ရပေသည်။

သို့သော် သမိုင်းသုတေသီများ ကသိကအောက် ဖြစ်ရသည်မှာမူ ရှာဖွေတွေ့ရှိသော အထောက်အထားများနှင့် သက်သေခံပစ္စည်းများမှာ ပုံသဏ္ဍာန်အားဖြင့် သစ်သားရုပ်ထုများ၊ ဆွေစဉ်မျိုးဆက် လက်ဆင့်ကမ်း ပြောကြားလာခဲ့သော ဒဏ္ဍာရီပုံပြင်များ စသည်တို့ကို သာလျှင် တွေ့ရှိခဲ့ရခြင်းပင် ဖြစ်ပေသည်။

ထို့ကြောင့် လူသားတို့၏ လောကီပညာသည် လူ့သမိုင်း တစ်နေရာမှ အစပြုခဲ့သည်ဟူ၍လည်းကောင်း၊ လူသား လူဖြစ်လာသည့် အချိန်နှင့် တစ်ပြိုင်တည်း အစပြုခဲ့သည်ဟူ၍လည်းကောင်း၊ လူ့သမိုင်းနှင့် မျဉ်းပြိုင်တိုးတက် ဖြစ်ပေါ်ခဲ့သည်ဟူ၍လည်းကောင်း ဆိုမှသာလျှင်

mgyoe.com

mgyoe.com


ပိုမို လျှော့ကန်ပေလိမ့်မည်။

သို့သော် ယင်းပညာနှင့်ပတ်သက်၍ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၌ပင် တစ်နည်းမဟုတ်တစ်နည်း သဲလွန်စများ ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

အမှန်စင်စစ် လောကီပညာသည် လူသားတို့ မိမိမသိသော မကျွမ်းသောနယ်ကို စတင်စူးစမ်းရာမှ ပေါ်ပေါက်လာသော ပညာရပ်ဖြစ်သည်။ လူသည် သဘာဝပြင်ပတွင် နာမ်လောက ရှိလေမည်လားဆိုသည့် သံသယစိတ်ဖြင့် ဝိဉာဉ်လောကကို စတင်စူးစမ်းခဲ့သည်။ ဤသို့ ဝိဉာဉ်လောကကို စတင် စူးစမ်းလာမိခြင်းမှာ သာမန်နည်းဖြင့် ဖြေရှင်း၍ မရသော အခက်အခဲများကို အခြားနည်းတစ်ခုခုဖြင့် ဖြေရှင်း၍ ရလိုရငြားကြံစည်ကြည့်ခြင်းပင် ဖြစ်သည်။

လောကီပညာတိုင်းသည် အောက်လမ်းဘက်သို့ချည်း နွယ်သည်ဟု မဆိုသာသော်လည်း များသောအားဖြင့် အောက်လမ်းဘက်သို့ နွယ်သွားတတ်သည်က များလေသည်။ ယင်းပညာရပ်သည် အစပိုင်းတွင် အသိပညာမဲ့သော လူထုလူတန်းစားအပေါ်တွင် အတော်ကြီးပင် ဩဇာညောင်းခဲ့သည်။ ထိုမျှမက အချို့နေရာများတွင် ဘာသာရေးထက်ပင် ဦးစားပေးခြင်းကို ခံခဲ့ရသည်။ သို့နှင့် လူသားတို့၏ အတွေးအခေါ် အတန်ငယ် ရင့်သန်လာသောအခါမှပင် ဘာသာရေးသည်လောကီပညာနှင့် တန်းတူရည်တူအဆင့်သို့ တိုးတက်လာနိုင်ခဲ့လေသည်။

လောကီပညာရှင်များသည် ယင်းသို့ လောကီပညာ စတင်ပေါ်ပေါက်လာရာ မြစ်ဖျားကို ရှာဖွေရာတွင် မနုဿဗေဒပညာရှင်များ သူ၏ အစကို ရှာဖွေသည်ထက်ပင် ခဲရာခဲဆစ် ရှာဖွေခဲ့ကြသည်။ မည်မျှပင် ဝေးဝေးလံလံ ရှာဖွေခဲ့ကြသနည်းဟူမူ တစ်ချိန်က ကမ္ဘာမြေမျက်နှာပြင်ပေါ်တွင် တည်ရှိခဲ့ဖူးသည်ဆိုသော (အနောက်သမုဒ္ဒရာအောက်သို့ နစ်

mgyoe.com

mgyoe.com


မြှုပ်သွားသည်ဆိုသောတိုက်) အတ္တလန်တိတ်တိုက်ကြီးကို မြစ်ညာအဖြစ် အခြေခံထား၍ စူးစမ်းသည်အထိပင် ဖြစ်လေသည်။

ထိုပျောက်ဆုံးသွားသော အတ္တလန်တိတ်တိုက်ပေါ်မှ တိုက်သားတို့မှာ ယဉ်ကျေးမှုအထွတ်အထိပ်သို့ အစွမ်းကုန်ရောက်နေသူများဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာအားဖြင့်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအားဖြင့်လည်းကောင်း အလွန်တရာ တိုးတက်နေကာ လောကီဈာန်များ ကိုပင် ရရှိနေသူများ ဖြစ်သည်ဟု လောကီပညာသုတေသီများက ဆိုစမှတ်ပြုခဲ့ကြပေသည်။

သို့သော် ထိုတိုက်သားများ ကံဆိုးမိုးမှောင်ကျရသည်မှာ မိမိတို့၏ အဖိုးမဖြတ်နိုင်သော လောကီပညာရပ်များကို တလွဲတွင် အသုံးပြုခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဆိုလေသည်။ ပညာသည်ချင်း တစ်ဦးနှင့်တစ်ဦး ပညာပြိုင်ခြင်းများ၊ မိမိတို့၏ အတတ်ပညာဖြင့် အခြားတစ်ပါးသူများကို နိုင်ထက်ကလူပြုမှုခြင်း၊ ထိုမှတစ်ဖန် တစ်ဦးတစ်ယောက်ကိုသာလျှင် ကျွန်ပြုရန် ကြံစည်ရုံဖြင့် အားမရသေးဘဲ တစ်တိုင်းတစ်ပြည်လုံးကိုပင် မိမိခြေဖဝါးအောက် ပြားပြားဝပ်စေရန် ကြံစည်အားထုတ်ခြင်းများကို ပြုလုပ်ခဲ့ကြလေသည်။

ထိုတိုက်မှ လူများသည် လူသားတို့၏ ယဉ်ကျေးမှု အထွတ်အထိပ်သို့ပင် ရောက်ရှိခဲ့သည်ဟု ဆိုပေရာ သူတို့သည် မိမိတို့၏ အသိများကို လောကီပညာပေါ်တွင် အိတ်သွန်ဖာမှောက်သုံး၍ ယင်းပညာရပ် တိုးတက်ရာ တိုးတက်ကြောင်းကိုသာလျှင် ကျင့်ကြံအား ထုတ်ခဲ့ကြသည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ ရုပ်လောကရော နာမ်လောကကိုပါ ပိုမိုစိုးမိုးနိုင်ရန်ပင် ဖြစ်ပေသည်။

ထိုတိုက်ကို သမာကျမ်းစာအုပ်တွင် "ဘေဘောလ်မျှော်စင်" ဟု ဖော်ပြထားပြီး ၎င်းတို့၏ ယဉ်ကျေးမှုမှာ လူသားတို့ ရောက်သင့်သော

mgyoe.com

mgyoe.com


အဆင့်ထက်ပင် မြင့်မားစွာရောက်ရှိသော ယဉ်ကျေးမှုဖြစ်သည်ဟု ဆိုထားလေသည်။

နောက်ဆုံးတွင်မူ အတ္တလန်တိတ်တိုက်သားတို့သည် ကိုယ့်အတတ်ဖြင့်ကိုယ်စူးကာ တိုက်ကြီးတစ်ခုလုံးပင် ကမ္ဘာမြေမျက်နှာပြင်ပေါ်မှ ပျောက်ကွယ်သွားသည့်အထိပင် ကြမ္မာဆိုးနှင့် ကံဆိုးမိုးမှောင်ကျသွားခဲ့ရတော့သည်။

အတ္တလန်တိတ် တစ်တိုက်လုံး အနောက်ဘက်ပင်လယ်ပြင်အောက်သို့ စုံးစုံးနစ်မြုပ်ကွယ်ပျောက်သွားသော်လည်း တိုက်ကြီး၏အောက်သို့ မမြုပ်မီတိုက်သားအချို့ လက်မတင်ကလေး လွတ်မြောက်သွားခဲ့ကြပြီး အနီးဝန်းကျင်ရှိ တိုင်းပြည်များသို့ ဝင်ရောက်ခိုလှုံခဲ့ကြလေသည်။ ယနေ့ "လူဝါမျိုး" ဟု သတ်မှတ်ထားသော လူမျိုးတို့သည် အတ္တလန်တိတ်တိုက်သားများမှ ဆင်းသက်လာသူများဖြစ်သည်ဟု အချို့သော သုတေသီတို့က ယုံကြည်ကြလေသည်။

အတ္တလန်တိတ်တိုက်သားများနှင့် ယင်းတို့၏ ထိပ်တန်းရောက်နေသော လောကီပညာများ ဤကမ္ဘာပေါ်တွင် ကြွင်းကျန်ရစ်ခဲ့သည်ဟု ယုံကြည်လျှင်မူ ထိုလူမျိုးများနှင့် ထိုပညာများ ကြွင်းကျန်ရစ်နိုင်သည့်နေရာမှာ တရုတ်လူမျိုးတို့နှင့် တိဘက်လူမျိုးတို့အတွင်း၌သာလျှင် ဖြစ်လိမ့်မည်ဟူသော အဆိုတစ်ရပ်လည်း ပေါ်ပေါက်ခဲ့ပေသည်။ ထိုအဆိုပေါ်ပေါက်ခဲ့ခြင်းမှာ တိဘက်လူမျိုးများ၊ ၎င်းတို့၏ ရိုးရာအလိုအရ အမွေဆက်ခံလာသော လောကီပညာများကို ကျစ်လျစ်သိပ်သည်းစွာ ထိန်းသိမ်းစောင့်ရှောက်တတ်ပုံကို အခြေပြု၍ တင်ခဲ့သောအဆို ဖြစ်ဟန်ရှိပေသည်။

တစ်ချိန်က ဤကမ္ဘာမြေမျက်နှာပြင်ပေါ်တွင် အတ္တလန်တိတ်တိုက်ကြီး ရှိခဲ့ဖူးပါသည်ဆိုသောအဆိုမှာ ခိုင်လုံသော အထောက်အထား

mgyoe.com

mgyoe.com


များ မရှိသဖြင့် များစွာသံသယဖြစ်ဖွယ်ရှိသော်လည်း လောကီပညာကို လိုက်စားသူ အများအပြားကမူ အမှန်တကယ်ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်တစ်ခုအဖြစ် အခိုင်အမာ ယုံကြည်နေကြပေသည်။ ဤသို့ လူများ ယုံကြည်နေသည်မှာလည်း အခြားကြောင့်မဟုတ်ဘဲ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၏ ဘာသာများတွင် လောကီပညာသည် တစ်နည်းမဟုတ် တစ်နည်းနှင့် ရောထွေးယှက်တင်နေသော သဲလွန်စများကို တွေ့နေရခြင်းကြောင့် ဖြစ်ပေသည်။

သို့ရာတွင် ဤစာအုပ်ငယ်၌ အဆိုပါသဲလွန်စများနှင့် ပတ်သက်၍ အကျယ်တဝင့် တင်ပြနိုင်ခွင့်မရှိသဖြင့် ဝမ်းနည်းဖွယ် ချန်လှပ်ထားခဲ့ရပေသည်။ အသေးစိတ်လေ့လာကြည့်ပါက အခြေခံချင်း ဆင်တူရိုးမှားသော်လည်းကောင်း၊ ထပ်တူတပ်မျှသော်လည်းကောင်း တူညီနေသည်ကို တွေ့ရမည် ဖြစ်သည်။

ဤနေရာတွင် ကျွန်ုပ်တို့ တူးဖော်ရရှိသော အလွန်ရှေးကျလှသည့် ကမ္ဘာဦးလူသားတို့၏ ဂူတစ်ခုတွင်းမှ တွေ့ရှိချက်များကို ဖော်ပြလိုပေသည်။ ကျွန်ုပ်တွေ့ရှိရသော ကောက်ကြောင်းပန်းချီများမှာ ရှေးအာဖရိကလူမျိုးစုများ၏ လက်ရာများဟု ယူဆရပေသည်။ ထိုဂူများမှာ ဥရောပတိုက်တစ်ခွင်မှ တွေ့ရှိသော ဂူများဖြစ်ပြီး ဂူတွင်း၌ တွေ့ရှိရသော ပုံများမှာ မျက်နှာဖုံးတပ်ထားသော လူရုပ်များနှင့် တိရစ္ဆာန်တို့၏ ပုံများပင် ဖြစ်လေသည်။ ထိုပုံများနှင့်အတူ လက်ဖျားထိပ်များ ပြတ်နေသော လက်ဖဝါးရာများကို တွေ့ရပေသည်။ လက်ဖဝါးရာများကို ဂူနံဘေးတွင် ထင်ကျန်ရစ်စေရန်အတွက် စေးကပ်သော အရည်တစ်မျိုးထဲတွင် လက်နှစ်၍ ရိုက်ထားခဲ့ဟန်ရှိသည်။ အချို့လက်ဖဝါးရာများမှာ အမည်းရောင်နှင့် အဝါရောင်များဖြစ်၏။

ဤသို့ လက်ဖဝါးရာများ၏ လက်ဖျားထိပ် ပြတ်နေခြင်းမှာ

mgyoe.com

mgyoe.com


လက်ဖျားထိပ်များကိုဖြတ်၍ ယဇ်ပူဇော်ခဲ့ခြင်းကြောင့် ဖြစ်မည်ဟု ယူဆရပေသည်။ အချို့လည်း ကိုယ်ရေပြားရောဂါသည်များ၏ လက်ရာများလည်း ဖြစ်နိုင်သည်ဟု စာဒက တက်ခဲ့ကြသည်။

ထိုအလေ့အထမျိုးကို ခေတ်အလွန် နောက်ကျနေသော ဒေသများတွင် ယနေ့တိုင်ပင် ကျင့်သုံးလျက်ရှိသည်ကို တွေ့ရပေသည်။ ဥပမာ ရောဂါဘယကပ်ငြိလျှင် ရောဂါသည်၏ လက်ဖျားထိပ်များကို ယဇ်ပူဇော်လိုက်ခြင်းဖြင့် ယတြာကျေကာ သေဘေးမှ လွတ်ကင်းနိုင်သည်ဆိုသည့် အယူသည်းမှုမျိုး ဖြစ်သည်။

ပြင်သစ်၌ရှိသော အလားတူဂူတစ်ခုတွင်လည်း မျက်နှာဖုံးစွပ်ကာ သမင်ဦးချိုကို ဦးခေါင်းထက်တွင် ဆောင်းထားသော လူရုပ်များကို တွေ့ရပေသည်။ ထိုပုံမှာ ရှေးရှေးက မှော်ဆရာများ ယဇ်ပူဇော်ပွဲကျင်းပရာတွင် တိရစ္ဆာန်အသွင်ကို ဆောင်ယူထားပုံကို သရုပ်ဖော်ထားဟန်ရှိပေသည်။ ၎င်းအရုပ်များ၏ အနီးအနားတွင်လည်း ပလ္လင်ကဲ့သို့သော အရာများရှိနေပေရာ သမိုင်းမပေါ်မီခေတ်က မှော်ဆရာများ ယဇ်ပူဇော်ပွဲကျင်းပနေပုံကို သရုပ်ဖော်ထားခြင်းပင် ဖြစ်ဟန်ရှိပါသည်။

သမင်ရုပ် သမင်ဦးချို စသည့်ပစ္စည်းများမှာ လူဦးခေါင်းခွံကဲ့သို့ပင် မှော်ဆရာ၊ မျက်လှည့်ဆရာများ၏ လက်သုံးအဆောင်များဖြစ်ပေသည်။ ထိုအဆောင်များကို အစဉ်တစိုက် သုံးလာခဲ့သည်မှာလည်း သမိုင်းဦးခေတ်မှသည် ယနေ့အနုမြူခေတ်အထိပင် တိုင်ခဲ့တော့သည်။

## အံ့ဖွယ်လောကီပညာ

ထိုမှတစ်ဆင့် အရှေ့ဘက်တစ်လွှားသို့ လှည့်ကြည့်သော် ခရစ်မပေါ်မီ နှစ်ပေါင်းတစ်ထောင်ကျော် သို့မဟုတ် ထို့ထက် အနည်းငယ်စောစောက ပေါ်ထွန်းခဲ့သော မာဂျီယံဘာသာကို တွေ့ရပြန်ပေသည်။

mgyoe.com

mgyoe.com

ထိုဂိုဏ်းကို တည်ထောင်သူမှာ ဇိုရိုလက်စတာဆိုသူပင် ဖြစ် လေသည်။

ဧင်းပုဂ္ဂိုလ်ကြီး၏ သင်ကြားမှုမှာ လောကတွင် ကောင်းမှုနှင့် မကောင်းမှုဟူ၍ရှိရာ၌ ကောင်းမှုသည်သာလျှင် အဆုံးတွင်အနိုင်ရလိမ့် မည်ဆိုသော သင်ကြားချက်ပင် ဖြစ်ပေသည်။ သို့သော် ကာလ ရွေ့လျော လာသည်နှင့်အမျှ ဧင်းဝါဒသည် မီးကိုကိုးကွယ်သော ဝါဒအသွင်သို့ လည်းကောင်း၊ ဂိုဏ်းဝင်ဘုန်းတော်ကြီးများမှာလည်း ဗေဒင်တွက် နတ်ဟော ယတြာချေ ပယောဂကု စသောအလုပ်များ၌သာလျှင် မွေ့ လျော်သော မှော်ဆရာများအဖြစ်သို့လည်းကောင်း ပြောင်းလဲကုန်ကြလေ တော့သည်။ ဤနည်းဖြင့် ကာလဆက်လက် ရွေ့လျောလာပြန်သော အခါ မာဂျီယံဝါဒဂိုဏ်းဝင်များမှာ ယဇ်ပူဇော်ခြင်း၌သာလျှင် လုံ့လပြု သော အောက်လမ်းအသွင်သို့ လုံးဝကူးပြောင်းလာခဲ့ပြန်ပြီးလျှင် ဆိုက် ပရပ်စ်နိုင်ငံက အင်ပါယာသစ် ထူထောင်လိုက်သောအခါ ထိုဝါဒမှာ ယခင်ကထက်ပင် ပိုမို၍ ထွန်းကားလာခဲ့တော့သည်။

ယင်းသို့ ဆိုက်ပရပ်စ်အင်ပါယာသစ်တွင် အခြေကြအမြစ် တွယ်လာသောအခါ နေနတ်သားကိုရည်စူး၍ ယဇ်ပူဇော်ခြင်း၊ လေနတ် သားကို ရည်စူး၍ ယဇ်ပူဇော်ခြင်း၊ လနတ်သားကို ရည်စူး၍ ယဇ်ပူဇော် ခြင်း စသည့်အလေ့အထများ ထုံလာခဲ့ကြသည်။

ထိုသို့ ဗလိနတ်စာကျွေးခြင်း၊ ယဇ်ပူဇော်ခြင်းအမှုများကို ပြုရာ၌ ကလေးများ၏ အသွေးအသားများနှင့်လည်းကောင်း၊ တိရစ္ဆာန်တို့၏ အသွေးအသားများနှင့်လည်းကောင်း ယဇ်ပူဇော်လေ့ရှိခဲ့ကြသည်။

လူသားတို့၏ ရှေးဦးအယူဝါဒများမှာ အမှန်စင်စစ် တိရစ္ဆာန် သို့မဟုတ် ကလေးငယ်များ၏ အသွေးအသားများဖြင့် ယဇ်ပူဇော်ခြင်း များသာလျှင် ဖြစ်ကြပေသည်။ ထိုလက္ခဏာများကိုပင် ဘာသာအယူ ဝါဒတိုင်းတွင် တွေ့နေရပေသည်။ အထူးသဖြင့် သားဦးကလေးများနှင့်

mgyoe.com

သုံးလေးနှစ်အောက်ကလေးများကို ယဇ်ပူဇော်လေ့ ရှိခဲ့ကြသည်။ ရေဝဒီများသည် ထိုအလေ့အထနှင့် အယူအဆကို အထူးအလေးပေးခဲ့သူများ ဖြစ်ကြပေသည်။

အိန္ဒိယနိုင်ငံရှိ ဗြဟ္မဏလူမျိုးများ၏ အယူဝါဒနှင့် ယဉ်ကျေးမှုများတွင်လည်း လောကီပညာများ ရောနှောနေပေသည်။ အင်္ဂလိပ်ပြည်တွင်လည်း အင်္ဂလိပ်လူမျိုးများက ၎င်းတို့ ကိုးကွယ်ဆည်းကပ်သည့် နတ်ဘုရားများနှင့် ဆက်သွယ်လိုလျှင်လည်းကောင်း၊ ပူဇော်သက္ကာယ ပြုလုပ်လိုလျှင်လည်းကောင်း ဘုရားသာဝကယောင်ယောင်၊ ဘုရား တမန်တော်ယောင်ယောင် နတ်ဝင်သည်များမှတစ်ဆင့်သာလျှင် ဆက်သွယ်ရလေသည်။

ဂျူးလီးယက်ဆီဇာလက်ထက်၌ ဝေ့လီလူမျိုး နယ်လှည့်ကုန်သည်ကြီးတစ်ဦးသည် ကုန်ရောင်းကုန်ဝယ်ဖြင့် ခရီးလှည့်လည်ရင်း ချာလ်ဒင်းလူမျိုးစုကို တွေ့ရှိခဲ့လေသည်။

ထိုလူမျိုးစုမှာ ဇာတ်ကြီးသူများဖြစ်ပြီး အချိန်နှင့်အမျှ လောကီပညာတိုးတက်ရာ တိုးတက်ကြောင်းကိုသာလျှင် ဝါယမပြုနေသူများ ဖြစ်သည်ဟု ဆိုပေသည်။ ယင်းသို့ ကြီးစွာသော လုံ့လဥဿာဟဖြင့် ဝါယမစိုက်ထုတ်သည့်အလျောက်လည်း ချာလ်ဒင်းလူမျိုးစုသည် အနာဂတ်ကို ကြိုတင်ရှုမြင်ခြင်း၊ နိမိတ်ဖတ်ကြားခြင်းနှင့်တကွ ဝိညာဉ်လောကကို အဆက်အသွယ်ပြုနိုင်ခြင်း စသည့်အတတ်များတွင် တစ်ဖက်ကမ်းခတ်အောင် တတ်သိလိမ္မာလာကြသည်ဟု ဆိုလေသည်။

ချာလ်ဒင်းလူမျိုးစုသည် ယင်းတို့၏ လောကီပညာများကို ရောမလူမျိုးတို့လက်တွင်းသို့ တစ်စတစ်စ သွတ်သွင်းလာခဲ့ကြသည်။ ထိုသို့ ရောမလူမျိုးတို့ကို ချာလ်ဒင်းလူမျိုးစုတို့ထံမှ လောကီပညာများ အမွေဆက်ခံခဲ့သည်ဆိုသည်ကိုလည်း ရောမလူမျိုးတို့၏ ဓလေ့ထုံးခဲ့သော လောကီပညာများတွင် ခိုင်လုံသော သက်သေအထောက်အထားများ

mgyoe.com

mgyoe.com


တွေ့ရပေသည်။

ဒသသနိကပညာရှင်ဟိုမား၏လက်ထက်တွင်လည်း မော်ပညာနှင့် ယဇ်ပူဇော်ခြင်း၊ ယတြာချေခြင်းများကို တွင်တွင်ကျယ်ကျယ်ပင် အလေ့အထပြုခဲ့ကြသည်ကို တွေ့ရပေသည်။ ဥပမာ အီဂျစ်ပြည်၌ အထိန်းအသိမ်းခံ နေရသော မင်းမျိုးမင်းနွယ်များသည် ၎င်းတို့အရေးတော်ပုံ အောင်မြင်ရေးအတွက်ကိုလည်းကောင်း၊ ရှေ့ဖြစ်အဟောကို သိရှိလိုရန်အတွက်လည်းကောင်း၊ ကလေးသူငယ်များကို ယဇ်ပူဇော်ပြီး ယတြာချေကြသည်ကို ရှေးဟောင်းမှတ်တမ်းများတွင် ဖတ်ရှုရပေသည်။ ယင်းခေတ်အခါက ကလေးသူငယ်များကို သတ်ဖြတ်လျက် ဝမ်းတွင်းသားများ ထုတ်ယူကြည့်ခြင်းဖြင့် ရှေးဖြစ်နိမိတ် ဖတ်ကြားခဲ့ကြသည်ကိုလည်း တွေ့ရပေသည်။

ဘောဘီလုံခေတ်ဘက်သို့ ကြည့်ပြန်သောအခါ လောကီပညာကို မည်သို့ လိုက်စားခဲ့ကြသည်။ မည်သို့ ထိန်းသိမ်းခဲ့ကြသည်။ မည်သို့ အသုံးချခဲ့ကြသည် စသည်တို့ကို သိရှိနိုင်ရန် ခိုင်မာသောသက်သေခံ အထောက်အထား များများစားစားမတွေ့ရဘဲ ရုပ်ထုကလေးများ၊ အဆောင်ဟုယူဆရသော ပစ္စည်းကလေးများကိုသာလျှင် တွေ့ရပေသည်။

အနောက်အမေရိကတိုက်ရှိ လူနီလူရိုင်းများနှင့် အမေရိက တစ်တိုက်လုံးကို လေ့လာကြည့်သောအခါ ကျွန်ုပ်တို့နောက်ကြောင်း ပြန်၍ ရှာဖွေနိုင်သည့်ခေတ်ကာလအထိ မော်ပညာများ၊ စုံးကဝေ စသည့် အောက်လမ်းပညာများ ထွန်းကားနေသည်ကို တွေ့ရပေသည်။

အာဖရိကတိုက်နှင့်ပတ်သက်သည့် ကျွန်ုပ်တို့၏ လေ့လာချက်များမှာ သာသနာပြုပုဂ္ဂိုလ်များ၏ မှတ်တမ်းများကို မှီငြမ်းပြုထားရသော လေ့လာချက်များပင် ဖြစ်သည်။

mgyoe.com

mgyoe.com


မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့၏ ကမ္ဘာကြီးတွင် ရှေးယခင်က လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည် အနေဝေးသကဲ့သို့ အဆက်အဆံ အကူးအလူးလည်း နည်းခဲ့ကြလင့်ကစား ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၏ ရိုးရာပုံပြင်များ၊ ဒဏ္ဍာရီများ၊ သစ်ထွင်း ပန်းချီပန်းပုများ၊ မှော်အတတ်၊ အင်းအိုင်လက်ဖွဲ့၊ မန္တန်အတတ် စသည်တို့တွင် တစ်နည်းမဟုတ်တစ်နည်း ဆင်ဆင်တူနေသည်ကိုသာလျှင် တွေ့ရမည်ဖြစ်ပေသည်။

ဥရောပတိုက်ရှိ အာရိယံအနွယ်မဟုတ်သော ဥရောပတိုက်သားတို့ ကိုးကွယ်သည့် ဘာသာများမှာ ယခုခေတ် ကျွန်ုပ်တို့တွေ့နေရသော မှော်ပညာ၊ ကဝေပညာအဆင့်သာလျှင် ရှိခဲ့ပေသည်။ ထိုအယူအဆကို သုတေသီအချို့က လက်မခံလိုကြပေ။ ထိုသုတေသီတို့က ရှေးခေတ် အာရိယံအနွယ်မဟုတ်သော ဥရောပတိုက်သားတို့၏ ဘာသာနှင့် ယနေ့ခေတ် စုန်း၊ ကဝေ၊ မှော်ပညာ အစရှိသည့် လောကီပညာများအကြားတွင် ကြီးမားသော ခြားနားချက်ကြီးရှိနေသည်ဟု အကြောင်းပြခဲ့ကြသည်။

အာရိယံအနွယ်ဝင်မဟုတ်သော ဥရောပတိုက်သားတို့ လက်ခံကျင့်သုံးသောဝါဒမှာ ဒရူအစ်ဝါဒဖြစ်၏။ ဒရူအစ်ဝါဒသည် ဗြိတိန်ပြည်တွင် တရားဝင်ရပ်တည်ပိုင်ခွင့် မရရှိမီ ကာလအတန်ကြာပင် အမြစ်တွယ်တည်ရှိနေခဲ့ပြီးသော ဝါဒတစ်ရပ် ဖြစ်ခဲ့၏။

ယနေ့ ဗြိတိန်ပြည်တွင် လက်ခံကျင့်သုံးနေသော အောက်လမ်းနွယ်သည့်ပညာရပ်များမှာ ဒရူအစ်ဝါဒမှ မြစ်ဖျားခံ ဆင်းသက်လာခဲ့သော ပညာများပင်ဖြစ်၏။ စင်စစ် ဗြိတိန်ပြည်သည် အခြား တိုက်များရှိ အောက်လမ်းပညာများ၏ ဗဟိုချက်မ ဖြစ်ပေသည်။ အခြားတိုက်များက ၎င်းတို့၏ဂိုဏ်းဝင်များကို ဗြိတိန်ပြည်သို့ပို့၍ ဒရူအစ်သာသနာ့ဘောင်

mgyoe.com

mgyoe.com


သို့ ဝင်ရောက်ရန် စေလွှတ်လေ့ရှိခဲ့ကြပေသည်။

ပြင်သစ်ပြည်နှင့် ဂေါ့လ်၌လည်း ဗြိတိန်ပြည်တွင်ရှိသော ကျောင်းကဲ့သို့ အလားတူကျောင်းများ ရှိခဲ့ဖူးပေသည်။ ထိုကျောင်းများနှင့် ပတ်သက်၍ ဂျူလီယက်ဆီဇာက အလွန်တရာ စည်းစနစ်ကြီးသော ကျောင်းများအဖြစ် ဖော်ပြပြောဆိုခဲ့ဖူး၏။

ထိုကျောင်းရှိ အဓိက သင်ကြားပို့ချက်များမှာ မှော်ပညာများ နှင့် နက္ခတ်ပညာများပင်ဖြစ်သည်ဟု သိရလေသည်။ ဒရူးအစ် ဘုန်းတော်ကြီးများမှာ ဒရူးအစ်သာသနာ့ဝန်ထမ်းများ ဖြစ်သကဲ့သို့ ဗိန္ဓောဆရာ၊ ပယောဂဆရာများလည်း ဖြစ်ကြပေသည်။ ကာလအတန်ကြာသောအခါ အောက်လမ်းဘက်သို့ လုံးဝနွှယ်သွားခဲ့ပြီး ပုဂ္ဂလိက အခက်အခဲများကို မိမိတို့တတ်သိထားသော ပညာရပ်များဖြင့် ဖြေရှင်းရန် ကြိုးစားလာခဲ့ကြသည်။ အချို့မှာ ကိုယ်ပျောက်အတတ်ကို ရရှိရန် ကြိုးပမ်းကြ၍ အချို့မှာ အိပ်မွေ့ချအတတ်၊ စိတ်ညှို့အတတ်၊ ဆေးခတ်အတတ် စသည်တို့ကိုပါ ဝါသနာထုံခဲ့ကြကာ သဲသဲမဲမဲလိုက်စား လာခဲ့ကြလေသည်။

ရှေးပဝေသဏီခေတ်က လူတို့ကိုးကွယ်သော ကိုးကွယ်မှုများမှာ များသောအားဖြင့် မကောင်းမှုများတွင်သာလျှင် အခြေခံသဖြင့် ကောင်းမှုများ၏ ဆန့်ကျင်ဘက်များ ဖြစ်ခဲ့ရပေသည်။ ဘုရားလည်း ရာထောင် နတ်လည်းအသိန်းအသောင်းဟု ဆိုရမလောက်ပင် အယူလွှဲခဲ့ကြပေသည်။

အီဂျစ်လူမျိုးတို့၏ နတ်ဘုရား "ဆက်"၊ ပရပ်ရှင်းလူမျိုးတို့၏ အားထားရာ "အာရီယံ"၊ ဂရိတ်လူမျိုးတို့၏ ကိုးကွယ်ရာ "ပိုင်သွမ်"၊ ရေဝတီလူမျိုးတို့၏ မြွေဘုရားနှင့် စဲတန်း(စ်) စသည်တို့မှာလည်းများ မြောင်လှစွာ၏။

mgyoe.com

mgyoe.com


စေတန်ဆိုသည်ကို ဂျေယိုပါ၏ သန့်ကျင်ဘက်ဟု အနက်ဖွင့်ကြသဖြင့် ကျွန်ုပ်တို့အနေနှင့် မာရ်နတ်ဟူ၍ပင် ဝေါဟာရပြုရပေမည်။ ရောမတို့ ကောင်းစားစဉ်ခေတ် အတွင်း၌လည်း ဘာသာရေး ဆန်ဆန်ပွဲတော်များကျင်းပခဲ့ပေရာ ထိုပွဲများကို လေ့လာကြည့်လျှင် ယဇ်ပူဇော်ခြင်း၊ နတ်ဝင်ခြင်း၊ မှော်အတတ် စီရင်ခြင်းများနှင့် ရောနှောနေသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုပွဲတော်များတွင် ကျေးကျွန်များက မိမိတို့သခင်များနှင့် နေရာလဲထိုင်ခြင်း၊ ကျွန်က သခင်အဆောင်အယောင်များကို ကိုင်ဆောင်ခြင်းများကို တွေ့ရပေသည်။ ၎င်းပွဲတော်များတွင် ဆင်နွှဲနေသူ များသည် မျက်နှာဖုံးများ စွပ်ထားကြပြီးလျှင် ယဇ်ပူဇော်ခြင်းများနှင့် အရိုင်းအစိုင်းများကဲ့သို့ ကခုန်ခြင်းများကို ပြုလုပ်ကြလေသည်။

ရှေ့တွင် ကျွန်ုပ်တို့ တွေ့မြင်ရမည့် အောက်လမ်းပညာသည် များသည် ဥရောပတစ်တိုက်လုံးအား အမှောင်တိုက်ကြီး ဖုံးလွှမ်းလိုက်သည့်နှယ် လူတို့၏ နေ့စဉ် စားဝတ်နေရေးလုံးပမ်းမှုများကိုပင် ဆိုးရွားစွာ အနှောင့်အယှက်ပြုခဲ့ကြပေသည်။ မိစ္ဆာဝါဒကိုလည်း လူတို့က မည်မျှယုံသနည်းဟူမူ ထိုခေတ်က ဥရောပတိုက်တွင် လူ့ဘုံစင်စစ်မှာ မိစ္ဆာဘုံသို့ ပြောင်းလဲသွားသည်လားဟု ဆိုရမလောက်ပင် မိစ္ဆာအယူဝါဒက ကြီးစိုးခဲ့လေသည်။ ထိုခေတ်အခါက ပယောဂဆရာမှန်သမျှ၊ စုန်းကဝေမှန်သမျှ၊ နတ်ဝင်သည်မှန်သမျှတို့သည် ထူးထူးခြားခြားပင် စီးပွားလမ်းဖြောင့်ခဲ့ကြသည်။ ကမ္ဘာကြီးတစ်ခုလုံးသည်ပင် ငရဲဘုံအသွင် ကြောက်ဖွယ်အတိပြီးခဲ့ရပေသည်။ တစ်နေ့တာကုန်၍ နွားရိုင်းသွင်းချိန်မှ အာရုံမတက်မီစပ်ကြား အကာလညအခါသည် မိစ္ဆာများ၏ ကျက်စားရာအခါများဖြစ်ခဲ့ကြ၏။ လူ့ဘောင်ကြီးတစ်ခုလုံးကို ပျက်စီးရာ ပျက်စီးကြောင်းကြံစည်ရာ အချိန်အခါများ ဖြစ်ခဲ့ရ၏။ ထိုအခါက လူတို့၏ စိုးရွံ့

mgyoe.com

mgyoe.com


ထိတ်လန့်မှုသည် အတိုင်းမသိ ကြီးမားခဲ့ရ ပေသည်။

ဤသို့ လူတို့ ဆင်ခြင်တုံတရား ကင်းမဲ့စွာ အကြောက်ပိုလာသောအခါ လူတို့သည် ချေသူငယ်ကျားစာဖြစ်သည့်ပမာ ပယောဂဆရာ အမည်ခံ လူလိမ်လူညာတို့၏ မညှာမတာ ဝါးမြိုခြင်းကို ခံလာရလေတော့သည်။

ထိုတွင်မျှမက မိစ္ဆာအယူဝါဒသမားတို့သည် လူတို့၏ မှန်ကန်သော သာသနာတော်ကိုပင် စော်ကားမော်ကား ပြုလာခဲ့ကြပြီး သာသနာထွန်းကားနေသော နေရာတွင် ၎င်းတို့၏ မိစ္ဆာအယူဝါဒများကို အစားထိုးရန်ပင် ကြိုးပမ်းလာခဲ့ကြသည်။

နောက်ဆုံး အစိုးရအာဏာကို လုယူရန်အထိပင် အားထုတ်လာခဲ့ကြတော့သည်။

❑

mgyoe.com

mgyoe.com

# [ ၂ ]
## အရှေ့တင်လွှား၏ လောကီပညာများ

လောကီပညာသမိုင်းကို ပြန်လှစ်ပြရာတွင် လူတို့ကို အကျိုးပြုသော အချက်အလက်အချို့ကိုသာ ထုတ်ဖော်ပြ၍ လောကီပညာသည် လူတို့အတွက် အကျိုးပြုသောပညာရပ်ဖြစ်ပါသည်ဟု အကာအကွယ်ပေးရန် အလွန်ပင်ခက်ခဲလှပေသည်။ အဘယ်ကြောင့်ဆိုသော် လူသားတို့အလေ့ထုံခဲ့သော လောကီပညာများမှာ အတိုင်းအတာတစ်ခုအတွင်း၌သာလျှင် ဖြောင့်ဖြောင့်သွားခဲ့သော်လည်း နောက်ဆုံး လက်ဝဲဘက်(မကောင်းသည့်ဘက်)သို့ နွယ်သွားသည်က များသောကြောင့် ဖြစ်လေသည်။

အမှန်ဆိုမူ လူသားတို့ လောကီပညာများကို လေ့လာလိုက်စားလာခဲ့သည်မှာလည်း သာမန်နည်းဖြင့် ဖြေရှင်း၍ မရသောကိစ္စများကို သဘာဝအပြင်ဘက်မှ နည်းများဖြင့် ဖြေရှင်းရန်အတွက်ပင် ဖြစ်သည်။

အနီးစပ်ဆုံး ဥပမာတစ်ရပ်ကို ပြရပါမူ လက်ဝဲနည်းတစ်ခုဖြစ်

mgyoe.com

mgyoe.com


သည့် ပီယဆေးကိုပင် ပြုရမည်ဖြစ်သည်။ ပီယဆေးများကို ဆောင်ခြင်း၊ ပီယအသုံးအဆောင်ပစ္စည်းကို ဆောင်ခြင်းများကို အမှုမဲ့ကြည့်လျှင် စိတ်ကူးယဉ်သည်၊ ရယ်ဖွယ်ကောင်းသည်ဟု မြင်မည် ဖြစ်သော်လည်း အမှန်စင်စစ် ပီယဆေးဆောင်ခြင်းသည် လူ့အဖွဲ့အစည်း၏ စည်းမျဉ်း တစ်ခုကို ဖောက်ဖျက်ရန် ကြိုးစားခြင်းပင်ဖြစ်သည်။ ဤနေရာ၌ ရှင်း ချက်ထုတ်ရန်ပင် မလိုဟုထင်သည်။ အဘယ်ကြောင့်ဆိုသော် ပီယဆေး ဆောင်သော ရည်ရွယ်ချက်သည်ပင် အလိုမတူသူကိုပင် ပင်ကိုစိတ် ပျောက်စေရန်၊ အလိုတူလာစေရန် သဘာဝမဟုတ်သောနည်းဖြင့် ကြံစည် ခြင်းပင်ဖြစ်သည် မဟုတ်ပါလော။

ဤနည်းဖြင့် ပထမပိုင်းတွင် လူပျိုအပျိုကို ကြံစည်ကြပြီး နောင် သောအခါ ကာမပိုင်ရှိသူများကိုပါ ကြံစည်လာခဲ့ကြသည်ကိုလည်း တွေ့ မြင်ရပေသည်။

လောကီပညာကို ခြေရာခံလိုက်ရာတွင် တွေ့ရှိရသော အခက် အခဲတစ်ခုမှာ ၎င်းပညာရပ်များ မည်သည့်နေရာ မည်သည့် အချိန်ကာလ တွင် မှော်ပညာဘက်သို့ မည်သို့ ကူပြောင်းသွားသည်ကို မသိရှိရခြင်းပင် ဖြစ်သည်။

သို့သော် အလွန်ရှေးကျသော ပုံပြင်များ၊ ဒဏ္ဍာရီများ၌ကား မှော်ဆရာ စုန်းကဝေ အစရှိသည်တို့သည် ထင်ရှားသောအခန်းမှပင် ပါဝင်ခဲ့ကြသည်ကို တွေ့နေရပေသည်။

ရှေးခေတ်ဘေဘီလုံတွင် လောကီပညာသည် သာသနာ့ဝန် ထမ်းဘုန်းကြီးများ၏ မပြတ်မလပ် အလေ့အထပြုနေသော လက်သုံး ပညာရပ် ဖြစ်ခဲ့လေသည်။

မက်ဆီပိုတေးမီးယားတွင်လည်း သာသနာ့ဝန်ထမ်းအချို့ သင်း ကွဲဂိုဏ်းကွဲတည်ထောင်ကာ လောကီပညာ၌သာလျှင် မွေ့လျော် ပျော်

mgyoe.com

mgyoe.com

ပိုက်ခဲ့သည်ကို တွေ့ရပေသည်။

ဘောဘီလုံခေတ်တွင် ထိုကဲ့သို့သော ဘုန်းကြီးများကို "အစိပူ" ဟု ခေါ်ကြ၏။ အမှန်စင်စစ် ၎င်းဘုန်းကြီးများမှာ ပယောဂဆရာများ၊ ဗေဒင်ဆရာများ၊ နတ်ဝင်သည်များ၊ မှော်ဆရာများ၊ အောက်လမ်းဆရာများသာလျှင် ဖြစ်ကြပေသည်။

ထိုတွင်မက "ဘရူး" ဟု ခေါ်သော ဘုန်းကြီးများလည်း ရှိသေး၏။ ထိုဘုန်းကြီးများမှာ ယဇ်ပူဇော်ရာ၌ တိရစ္ဆာန်များ၏ အသွေးအသားများနှင့် ပူဇော်ပြီးလျှင် ယဇ်ကောင်များ၏ ဝမ်းတွင်းသားများကို ကြည့်လျက် ရှေ့ဖြစ်ကို ဟောပြောကြလေသည်။ အထူးသဖြင့် သိုးကိုသတ်၍ သိုးအသည်းကိုကြည့်ပြီး ရှေ့ဖြစ်ဟောကိန်းထုတ်သည်ကို ဝါသနာထုံကြလေသည်။

ထိုဘုန်းကြီးတစ်ပိုင်း မှော်ဆရာတစ်ပိုင်းများနှင့် အောက်လမ်းစုန်းကဝေများအကြားတွင် တင်းမာမှုများ မပြတ်ရှိနေခဲ့ကြသည့် အထောက်အထားများကို တွေ့ရပေသည်။ တင်းမာမှုဆိုသည်မှာ တစ်ရံမလပ် ပညာပြိုင်နေခြင်းမျိုး ဖြစ်၏။

ဤသို့ တစ်ရံမလပ် ပညာပြိုင်နေသော အကြောင်းရင်းမှာလည်း ထိုခေတ်အချိန်အခါက အောက်လမ်းပညာရပ်များနှင့်ပတ်သက်၍ ကျပ်တည်းသော ဥပဒေများ ထုတ်ထားခြင်းကြောင့် ဖြစ်သည်။

ဥပမာ – လူတစ်ဦးတစ်ယောက်အား တစ်ယောက်သောသူက စုန်းဟု စွပ်စွဲလျက် အစွပ်စွဲခံရသူကို ရေတွင်နှစ်၍ စစ်ဆေးကြ၏။ ထိုရေအနှစ်ခံရသူ ရေနစ်သေဆုံးသွားလျှင် စုန်းဟု သတ်မှတ်လိုက်ကြ၏။ သို့သော် အစွပ်စွဲခံရသူက မိမိတတ်စွမ်းသော နည်းအမျိုးမျိုးဖြင့် ရေမနစ်အောင် နေနိုင်လျှင်မူ စွပ်စွဲသူကို အစွပ်စွဲခံရသူ၏ နေရာတွင် အစားထိုးသတ်ကြတော့သည်။ ဤနည်းမှာလည်း ခေတ်အဆက်ဆက်

mgyoe.com

mgyoe.com


အသုံးပြုခဲ့သောနည်းတည်း၊ ဥရောပတိုက်ရှိ စုန်းကဝေများမှာကား စုန်းဟု အစွပ်စွဲခံရသောအခါများတွင် ရှာထိပ်ရေကန်များတွင် ရေနှစ်စစ်ဆေးခြင်းကို ခံခဲ့ကြရလေသည်။

ဆီးရီးယားနှင့် ဘာဘီလုံတွင် လူတစ်ဦးတစ်ယောက် ရောဂါဘယတစ်ခုခု ကပ်ငြိခြင်းခံရပါက စုန်းပြုစားသည်ဟု ယုံကြည်ခဲ့ကြလေသည်။ ထိုသို့ရောဂါကပ်ငြိလာလျှင် လူနာ၏အိမ်သို့ ပယောဂဆရာများရောက်လာကာ လူနာအား ဆေးမြစ်ပေါင်းစုံ တိုက်ကျွေးခြင်း၊ ဂါထာမန္တရားများ မန်းမှုတ်ခြင်း၊ ခေါ်စာပစ်ခြင်းများဖြင့် ကုသလေတော့သည်။

ထိုခေတ်က ဗိန္ဒောဆရာများနှင့်ပတ်သက်၍ ဆန်းဆန်းကျယ်ကျယ် မကြားရသော်လည်း ခွဲစိတ်ကုသရေး ဆရာဝန်များအကြောင်းကိုမူ ဟိုတစ်စ သည်တစ်စဆိုသလို ကြားနေရပေသည်။ ထိုခွဲစိတ်ကုသရေးသမားများနှင့်ပတ်သက်၍ စိတ်ဝင်စားဖွယ်ကောင်းသော အချက်တစ်ခုမှာ ခွဲစိတ်၍နေစဉ်အတွင်း လူနာသေဆုံးသွားပါက ခွဲစိတ်ကုသရေးဆရာများကို လက်ဖြတ်၍ အပြစ်ပေးကြခြင်းပင် ဖြစ်လေသည်။

ထိုခေတ်ကာလ လွန်မြောက်လာသည့်နောက်ပိုင်းတွင်လည်း ဆေးဆရာများမှာ ဗိန္ဒောသက်သက် လိုက်စားသောဆရာဟူ၍ မရှိသလောက်ရှားပါးပြီး ဗိန္ဒောတစ်ပိုင်း ပယောဂတစ်ပိုင်းဆရာများသာလျှင် ပေါများခဲ့လေသည်။ ထိုဆေးဆရာများမှာ "အေစူး" ဟုခေါ်သော ဆရာများဖြစ်၏။ ထိုခေတ်အခါက အထူးခေတ်စားခဲ့သော အလေ့အထ တစ်ခုမှာ အိမ်နီးချင်းနိုင်ငံအချင်းချင်း ချစ်ကြည်မှုကို ရည်စူးသော ပညာသည်ဖလှယ်များပင်ဖြစ်သည်။ ထိုပညာသည်များသည် အပြည်ပြည်သို့ အီဂျစ်နှင့်ဘာဘီလုံတို့မှ ရောက်လာကြသည်က များပေသည်။ အမှန်လည်း ထိုခေတ်အခါက အီဂျစ်နှင့် ဘာဘီလုံနှစ်ပြည်ထောင်သည် လောကီပညာသည်များ ပညာရှာမှီးရာ ဗဟိုအချက်အချာ ဌာနကြီးများ ဖြစ်ခဲ့ကြ

mgyoe.com

mgyoe.com


လေသည်။

နက္ခတ်ပညာသည် အာဆီးရီးယားနှင့် ဘေဘီလုံနစ်ပြည် ထောင်အပေါ်တွင် အများယူဆသလောက် ဩဇာသက်ရောက်မှု မရှိခဲ့ ကြောင်းကို အံ့ဩဖွယ် တွေ့ရပေသည်။ အဓိပ္ပာယ်မှာ နက္ခတ်ပညာသည် အီဂျစ်ပြည်တွင် ဩဇာသက်ရောက်သလောက် ထိုပြည်နှစ်ထောင်တွင် သက်ရောက်မှုမရှိဟု ဆိုလိုခြင်းဖြစ်သည်။

အီဂျစ်လူမျိုးတို့ကမူ နက္ခတ်ပညာကို အထူးပင် ဝါသနာထုံ ခဲ့ကြသည်။ စင်စစ် အီဂျစ်လူမျိုးတို့သည် ကောင်းကင်နက္ခတ်ပညာနှင့် ပတ်သက်သော ရှေးဟောင်းရိုးရာပုံပြင်များမှဆစ်ဆင့် နက္ခတ်ပညာ ဘက်တွင် ထူးချွန်လာကြခြင်း ဖြစ်ပေသည်။ ထို့ပြင် အီဂျစ်လူမျိုးတို့ သည် ဂဏန်းနှင့်ပတ်သက်၍လည်း လွန်လွန်ကဲကဲပင် အယူသည်းတတ် ကြပေသေးသည်။ ခုနစ် "၇" ဂဏန်းကို ကောင်းကျိုးဆိုးကျိုး နှစ်ဝလုံး ပေးစွမ်းနိုင်သောကိန်းဖြစ်သည်ဟု ယုံကြည်ခဲ့ကြလေသည်။

ယနေ့ ကျွန်ုပ်တို့ တွေ့မြင်နေရသော ပယောဂဆရာများ ဂါထာ စုတ်လျှင်လည်းကောင်း၊ မန္တာန်ရွတ်ဖတ် သရဇ္ဈယ်လျှင်သော်လည်း ကောင်း ၇ ကြိမ် ၇ လီ သူတို့အခေါ် ၇ အုပ် ရွတ်ဖတ်သရဇ္ဈယ် ကြခြင်းမှာ ရှေးခေတ်အီဂျစ်လောကီပညာ၏ အမွေတစ်ခုဖြစ်ပေသည်။

အီဂျစ်ပြည်တွင် မှော်ပညာကို လိုက်စားသော ယောကျ်ားဦး ရေနှင့် ထပ်ထူတပ်မျှလောက်ဟု ဆိုရမတတ် မိန်းမဦးရေလည်း များပြား လှပေသည်။ ထိုခေတ်ကာလ၏ အီဂျစ်ပြည်တွင် စုန်းကဝေ မှော်ပညာ များကို မည်သို့ အသုံးပြုခဲ့ကြသည်။ မည်သို့ လိုက်စားခဲ့ကြသည် စသည် တို့ကို ကျွန်ုပ်တို့အဖို့ လုံလောက်သော အထောက်အထားများ မတွေ့ရ သဖြင့် ကျယ်ပြန့်သော လေ့လာမှုများကို မပြုလုပ်နိုင်ဘဲ မှော်ဆရာ မှတ်တမ်းကဲ့သို့သော မခိုင်လုံသည့် မှတ်တမ်းအနည်းငယ်ကိုသာ လေ့

mgyoe.com

mgyoe.com

လာခဲ့ရလေသည်။

ဂါထာစုတ်ခြင်း၊ မန္တာန်ရွတ်ဖတ်ခြင်းများ ပြုလုပ်ရာ၌ အခြေခံအားဖြင့် အချက်သုံးချက်ရှိသည်ဟု မှတ်သားရပေသည်။ ပထမအချက်မှာ မိမိလိုလားသော ဝိညာဉ် သို့မဟုတ် ခေါင်းစွဲကို ပင့်ဖိတ်ခြင်းဖြစ်ပြီး ဒုတိယအချက်မှာ မိမိရင်ဆိုင်နေရသော ရန်သူမည်သူမည်ဝါဖြစ်သည်။ မည်သည့် ဝိညာဉ်၊ နတ်၊ သူရဲ၊ စုန်းဖြစ်သည်ကို ဖော်ပြခြင်းဖြစ်သည်။ တတိယအချက်မှာကား အဆောင်အယောင်များ၊ ဆေးစောင့်နတ်ရုပ်များကို ရွတ်ဖတ်သရဇ္ဈယ်၍ နှိုးခြင်းပင် ဖြစ်ပေသည်။ ဤသို့ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံလာသောအခါ ယနေ့ကျွန်ုပ်တို့မကြာခဏဆိုသလို မြင်နေရသော နတ်ပူးခြင်း၊ နတ်ဝင်ခြင်း၊ ကိုယ်ကိုယိမ်းထိုးခြင်း စသည့်ပယောဂဝင်နေပုံများကို မြင်လာရလေတော့သည်။

ရှေးခေတ် အီဂျစ်တွင် လူတစ်ယောက်၌ ပယောဂကပ်ငြိသည်ဟု ထင်လျှင်လည်းကောင်း၊ အစိမ်းပူး သရဲဝင်သည်ဟု ထင်လျှင်လည်းကောင်း၊ ပယောဂဆရာကို ပင့်ဖိတ်ကြရသည်။ ပယောဂဆရာ ရောက်၍လူနာကို မန်းမှုတ်သောအခါ အစိမ်းထွက်သွားတော့သည် ဟုဆို၏။ အစိမ်းသူရဲတို့သည် လိပ်ပြာငယ်သူမှန်သမျှကို ဝင်နိုင် ကပ်နိုင်သည်ဟုဆိုပေရာ လိပ်ပြာငယ်သူများကို မကြာခဏဆိုသလိုပင် လိုက်ဝင်လိုက်ကပ်နေပါမူ ပထမတွေ့ခဲ့ဖူးသော ပယောဂဆရာနှင့် တစ်ကြိမ်မဟုတ်တစ်ကြိမ်တွင် ပြည်လည်တွေ့ဆုံကြမည်ဖြစ်ပြီး မိတ်ဆွေရင်းချာများ ဖြစ်ကုန်ကြကာ အပေးအယူသင့်မြတ်သွားကြမည်မှာ ဧကန်ပင်ဖြစ်သည်။

ပယောဂကုသရာ၌ ပယောဂဆရာတို့သည် အိမ်အတွင်း၌နံ့သာရည်များ ပက်ဖျန်းခြင်း၊ ရေမန်းများဖျန်းခြင်းတို့ကို ပြုလုပ်တတ်ပေသည်။ ထိုအလေ့အထမှာလည်း ရှေးခေတ်နှစ်ပေါင်းများစွာမှ ယနေ့အထိ သက်ဆိုးရှည်နေသော ဓလေ့တစ်ခုပင်ဖြစ်သည်။ လူနာ၏ ကိုယ်

mgyoe.com

mgyoe.com


ခန္ဓာကို ဆေးမြစ်ဝါးမြစ်များ လိမ်းကြံပေးသော အလေ့များလည်း ရှိခဲ့ဖူးပေသည်။ ထိုပယောဂကုပွဲများတွင် အရေးကြီးဆုံးအခန်းမှ ကပြရသူမှာ လူနာကိုယ်တိုင်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယိမ်းထိုးသော အပိုင်းနှင့် အစိမ်းသူရဲဝင်ပာန်ပြုရသော အပိုင်းတို့ကို လူနာကိုယ်တိုင်က မိမိကိုယ်တွင်းသို့ အစိမ်းသူရဲဝင်ကပ်ခဲ့ပါသည်ဟု ဆရာ့ရှေ့မှောက်တွင် ဝန်မခံလျှင် ထိုပွဲမျိုးများမှာ အထမြောက်ရန်ပင် အကြောင်းမရှိတော့ချေ။

အီဂျစ်တွင် "အား"နှင့် "မားဒေါက်" တို့သည် မှော်ဆရာတစ်ပိုင်း၊ သာသနာ့ဝန်ထမ်းတစ်ပိုင်းတို့၏ အဓိကရ ဘုရားကြီးများဖြစ်ခဲ့ကြပေသည်။ နေလ နက္ခတ်ဆိုသည်တို့လည်း သူတို့၏ အယူဝါဒတွင် ဝင်ရောက်ရောနှောခဲ့ကြသည်။ သို့သော် အီဂျစ်ပြည်တွင် လွှမ်းမိုးခဲ့သော နက္ခတ်တာရာကိုးကွယ်မှုများမှာ အီဂျစ်ပြည်အပေါ်တွင် ဩဇာသက်ရောက်သလောက် အခြားတိုင်းပြည်များတွင် ဩဇာ မညောင်းခဲ့ချေ။

အာဆီးရီးယား အမျိုးသားများ၏ ရှေးဟောင်းပန်းချီပန်းပုများကိုကြည့်လျှင် အမျိုးသမီးများ နားပန် နားကပ် စသည်တို့ကို ပန်ဆွဲထားသည်ကို တွေ့ရမည်ဖြစ်သည်။ နားဝတ်တန်ဆာများတွင် အင်းများ၊ ဂဏန်းများ၊ အက္ခရာများ ရေးထိုးတတ်ကြပေသည်။ ထိုမှ တစ်ဆင့် လူတို့နားဝတ်တန်ဆာများ ပေါ်ပေါက်ခဲ့ဟန်တူပေသည်။

ထိုလူမျိုးတို့၏ ယုံကြည်မှုမှာ ရတ်တရက် သွေးထွက်သံယိုမှုများဖြစ်လျှင် အပမှိနိုင်သည်ဟူ၍ဖြစ်ပြီး၊ အစိမ်းသေကိုလည်း ချောက်တတ်သည်ဟု အယူသီးခဲ့ကြလေသည်။

မိန်းမ၏ဓမ္မတာသွေးကို စက်ဆုပ်သော အကျင့်မှာလည်း အာဆီးရီးယားတို့၏ ယုံကြည်မှုမှာပင် မြစ်ဖျားခံခဲ့ပေသည်။ အာဆီးရီးယားတို့သည် သွေးစိမ်းရှင်ရှင်ကို အလွန်တရာ ကြောက်ရွံ့သူများ

mgyoe.com

mgyoe.com

ဖြစ်ကြ၍ မိန်းမသားများ ရာသီပန်းပွင့်နေချိန်များတွင် မိန်းမအနီးသို့ပင် မကပ်ဘဲ ဝေးဝေးလံလံသို့ ရှောင်ခွာနေတတ်ကြလေသည်။

ထိုဝလေ့တို့သည် ခေတ်ကြမ်းကြီးများကို ဖြတ်သန်းခဲ့ပြီးနောက် ဥရောပတိုက်အတွင်းသို့ ရေဝတီလူမျိုးများနှင့် ရိုမန်နီလူများမှတစ်ဆင့် ဝင်ရောက်လာခဲ့ကြ၏။

ရှေးလူတို့သည် ဗေဒင်မေးခြင်း၊ နတ်မေးခြင်းများ၌ ဝါသနာထုံကြပြီး အထူးသဖြင့် အမြင်အကြားရှိကြသူများဟု နာမည်ကြီးသော ဘုန်းကြီးများထံတွင် ရှေးဖြစ်အဟောကို မေးလေ့ရှိကြ၏။

ရှေးခေတ် အီဂျစ်ပြည်တွင် အိပ်မက်တိတ်ထုံ ဖတ်ကြားသူများလည်း ရှိခဲ့ကြသည်ဖြစ်ရာ အိပ်မက်ယူလိုသူသည် ဘုရားရှိခိုးကျောင်းတစ်ခုခုအတွင်းသို့ ဝင်ရောက်ကာ ယဇ်ပူဇော်ရာမှရရှိသော သိုးရေပေါ်တွင်အိပ်၍ အိပ်မက်ယူရလေသည်။ မြင်မက်လာသော အိပ်မက်ကို မိုးသောက်သည်နှင့် ဘုန်းကြီးတစ်ပါးပါးထံ ချဉ်းကပ်၍ မိမိညဥ့်ယံက မက်ခဲ့သောအိပ်မက်ကို ဖတ်ကြားစေရလေသည်။

ဤသို့အိပ်မက်ယူသူက ဘုန်းကြီးဖတ်ကြားပေးသော ဟောကိန်းကို သဘောကျလျှင် ကျောင်းတွင်းရှိ ဘုရားရေကန်တွင် ရွှေတိုရွှေစများ ပစ်ချခြင်းဖြင့် အလှူဒါနပြုရတတ်ကြလေသည်။

ထိုအလုပ်မှာ အပြောလွတ် အဆိုလွတ်သော အလှူခံနည်းတစ်မျိုး ဖြစ်ပေသည်။ ဒါနပြုသူက ဘုရားကိုရည်စူး၍ ဒါနပြုသည်ဟု ဆိုလာသောအခါ အဘယ်ဘုန်းကြီးသည် ငြင်းဆန်နိုင်အံ့နည်း။

ထို့ပြင် လက်ဖျားခြေဖျားများကို ဖြတ်၍ ယဇ်ပူဇော်ခြင်းများလည်း ရှိပေသေး၏။ နတ်ဝင်၍ ကခုန်ခြင်း၊ သွေးစက်စက်ကျသော လက်ဖဝါးတို့ဖြင့် တံဆိပ်ခတ်နှိပ်ခြင်းများလည်း ရှိပေသေးသည်။

အာဆီးရီးယားလူမျိုးတို့၏ အရိုးဆုံးသော ရှေ့ဖြစ်ဖတ်နည်း

mgyoe.com

mgyoe.com


တစ်ခုမှာ ရေထဲသို့ဆီလောင်းကာ ရေမျက်နှာပြင်ပေါ်တွင် ဆီဝေ့၍ ပေါ်လာသော ပုံသဏ္ဌာန်ကိုကြည့်၍ ရှေ့ဖြစ်ဖတ်သောနည်းဖြစ်၏။

ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ အိမ်ဆောက်ခြင်း စသည်တို့ကို ပြုလုပ်သောအခါများတွင် မှော်ဆရာများကို မေးမြန်းပြီးမှ သာလျှင် ဆောက်လုပ်တတ်ကြသည်။ ထိုသူတို့၏ ညွှန်ကြားချက်ဖြင့် ပန္နက်ရိုက်ခြင်း၊ တိုင်ထူခြင်း၊ နေ့ကောင်းရက်သာ ရွေးခြင်းများကို ပြုလုပ်ကြရပေသည်။

ဤသို့ အဆောက်အဦဆောက်လုပ်ရန် အခါနှင့်နေရာရွေးရာတွင် အခြားနည်းတစ်နည်းလည်း ရှိသေး၏။ ထိုနည်းမှာ "ဘရှူး" ခေါ် ဟူရားတစ်မျိုးတို့က သိုးများကို ယဇ်ပူဇော်ပြီးလျှင် ထိုယဇ်ကောင်၏ အသည်းကိုကြည့်ရှု၍ ရှေ့ဖြစ်ဖတ်ကြားပေးသော နည်းဖြစ်၏။

ယင်းသို့ ယဇ်ကောင်မှ ထုတ်ယူရရှိသောအသည်းတွင် တစ်နေရာ၌ ရောင်နေသည်ကိုတွေ့လျှင် လက်ရှိ စိုးစံနေသောမင်း ဘုန်းရှိန်တိုးမည်။ သို့မဟုတ် ဩဇာတိက္ကမရှိသောလူ လူပုဂ္ဂိုလ်တစ်ဦးဦး ဆထက်ထမ်းပိုးတိုး၍ ဩဇာတိက္ကမရရှိမည်ဟု ယုံကြည်လေသည်။

အသည်း၏ လက်ဝဲဘက်၌ ထူးခြားသော လက္ခဏာများပါရှိမူ နိမိတ်မကောင်း၍လည်းကောင်း၊ လက်ယာဘက်၌ အလားတူ လက္ခဏာမျိုးကို တွေ့ရှိမှသာလျှင် နိမိတ်ကောင်းသည်ဟူ၍လည်းကောင်း ယုံကြည်လေ့လည်း ရှိပေသေး၏။ ဤအသည်းဗေဒင်မေးနည်းကို နိုင်ငံရေး၊ စစ်ရေးများ၌ မေးမြန်းသည်ကများပေသည်။

ချာလ်ဒင်းလူမျိုးတို့မှာကား ကောင်းကင်ရှိ နက္ခတ်တာရာ ဂြိုဟ်သွားဂြိုဟ်လာများကို အာရုံစိုက်၍ စောင့်ကြည့်ကြ၏။ ထူးထူးခြားခြား ဂြိုဟ်အပြောင်းအလွဲများကို တွေ့မူ ထိုအပြောင်းအလွဲပေါ်တွင် မူတည်၍ နိမိတ်တဘောင်များကို တည်ထွင်တတ်ကြလေသည်။

mgyoe.com

mgyoe.com

ပုံစံမှာ ကြယ်ကြွေလျှင်။ ဥက္ကာပျံလျှင် လက်ရှိအုပ်စိုးနေသူ ဘုရင်နှင့်တကွ တိုင်းသူပြည်သားတို့အတွက် စစ်မက်မြင်သည်ဟု ဖြေကြားသည်။

ချာလ်ဒင်းလူမျိုးတို့ ဤသို့ နက္ခတ်ဗေဒင်တွင် ပွန်းတီးလိမ္မာသဖြင့် ဂရိတ်လူမျိုးများက ၎င်းချာလ်ဒင်းတို့အပေါ်တွင် အလွန်ပင် အထင်ကြီးခဲ့ကြပေသည်။

ရှေးခေတ် အိန္ဒိယပြည်၏ နက္ခတ်ဗေဒင် ပညာရပ်များမှာ ဂရိတ်နှင့် ပါရှင်းလူမျိုးများထံမှတစ်ဆင့် လက်ခံရရှိသော လက်ဝေခံ ပညာရပ်များသာ ဖြစ်ပေသည်။

အမှန်မှာမူ အိန္ဒိယလူမျိုးတို့သည် ဤကဲ့သို့ ဂရိတ်နှင့်ပါရှင်းလူမျိုးထံမှ နက္ခတ်ပညာကို လေ့လာခံယူခြင်း မပြုမီကပင်နေလ နက္ခတ်တာရာတို့၏ လူတို့အပေါ်တွင် ကြီးစိုးမှုကို အသိအမှတ်ပြုထား နှင့်ခဲ့ကြပြီး ဖြစ်လေသည်။

အိန္ဒိယဗေဒင်ဆရာများသည် သဘာဝ၏ ပြုပြင်ပြောင်းလဲမှုမှန်သမျှကို မျက်ချေမပြတ်စောင့်ကြပ် ကြည့်ရှုခဲ့ကြသည်။

ဥပမာ နေထွက်သည်ကို စောင့်ကြည့်သကဲ့သို့ နေဝင်သည်ကိုလည်း စောင့်ကြည့်ခဲ့ကြသည်။ လထွက်သည်ကိုလည်း ကြည့်ကြသည်။ ထိုထိုသော သဘာဝများနှင့်တကွ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည်တို့သည် ဘုရားသခင်၏အလိုအရ ဖြစ်ပျက်လာရခြင်း ဖြစ်သည်ဟု ယုံကြည်ခဲ့ကြလေသည်။ ထို့ပြင် ထိုအရာအားလုံးကို ကြည့်ခြင်းဖြင့် ဘုရားသခင်အလိုတော်ကို သိနိုင်သည်။ ရှေ့ဘာဖြစ်မည်ကို ပြောနိုင်သည်ဟူ၍လည်း ယုံကြည်ကြပေသည်။

ငှက်တစ်အုပ် ကောင်းကင်ပျံသန်းသွားခြင်း၊ တောတိရစ္ဆာန်တစ်ကောင်ကောင်ရှေ့မှ ဖြတ်ပြေးခြင်းတို့သည်ပင် တစ်စုံတစ်ခုသော

mgyoe.com

mgyoe.com


နိမိတ်ကိုဆောင်သည်ဟု ယုံကြည်လေသည်။

အဆုံးဆိုရသော် လူတစ်ယောက် အာရုံစိုက်မိသောအရာတိုင်း၌ အဓိပ္ပာယ်တစ်မျိုးစီ ရှိနေသည်။ သူ့နိမိတ်နှင့်သူဖြစ်သည်။ သို့သော် ထိုနိမိတ်မျိုးကို လူသာမန် လူတို့မတတ်နိုင်၊ ဗေဒင်ပညာရှိကြီးများနှင့် မှော်ဆရာကြီးများသာလျှင် တတ်နိုင်သည်ဟု ယုံကြည်ကြခြင်းပင် ဖြစ်လေသည်။

ပုံစံမှာ လူတစ်ဦးတစ်ယောက်က မကောင်းသောနိမိတ်ဟု မှတ်ထင်သော အရာတစ်ခုခုကိုမြင်လျှင် မှော်ဆရာ သို့မဟုတ် ဗေဒင်ဆရာထံသို့ ချဉ်းကပ်၍ မေးမြန်းရတော့သည်။ ဗေဒင်ဆရာ၏ ဟောကိန်းအပေါ်တွင်မူတည်၍ ယတြာချေခြင်း၊ ဆီမီးထွန်းခြင်း၊ ယဇ်ပူဇော်ခြင်းများကို ပြုလုပ်ရတော့ပေသည်။

အိန္ဒိယလူမျိုးတို့ကဲ့သို့ပင် ဂျပန်လူမျိုးတို့လည်း ဗေဒင်မေးခြင်း၊ နတ်မေးခြင်း၊ ယတြာချေခြင်းတို့တွင် အထူးပင် ယုံကြည်ကြလေသည်။

ဂျပန်လူမျိုးတို့သည် အသေးအဖွဲ့ကိစ္စကလေးများပင် ဖြစ်စေကာမူ ဗေဒင်မေး နတ်မေးလိုက်ရမှ ကျေနပ်သူများဖြစ်သည်။ ဂျပန်လူမျိုးတို့ အထူးယုံကြည်ကြသည်မှာ ဆန်စပါးတွင် စုန်းပြုစားခြင်း၊ နတ်ဖမ်းခြင်းရန်မှ ကင်းဝေးနိုင်သော တန်ခိုးအာနိသင်များ ရှိသည်ဟူ၍ပင် ဖြစ်သည်။

ထို့ကြောင့် ဆန်မန်းပေါက်ပေါက်များကို ကိုယ်ဝန်ဆောင်ရှိသော အိမ်များ၏ ကြမ်းခင်းများနှင့် အမိုးပေါ်သို့ ကျဲချကြခြင်းဖြစ်လေသည်။ လမ်းဆုံလမ်းခွများကိုလည်း ဂျပန်များက မကောင်းသော အရပ်ဟု သတ်မှတ်သည်ဖြစ်လေရာ ထိုနေရာများတွင် ဆန်မန်းပေါက်ပေါက်များကျဲ၍ မကောင်းသောဘေးဆိုးတို့မှ ကင်းဝေးအောင်ပြုလုပ် ကြရလေသည်။

mgyoe.com

mgyoe.com

ဂျပန်တို့ဗေဒင်နှင့် မှော်ဆရာများအပေါ်တွင် မည်မျှယုံကြည်သနည်းဟူမူ သူတို့၏ဘုရားများပင် အခါအားလျော်စွာ ဗေဒင်ဆရာများနှင့် မှော်ဆရာများထံသို့ ချဉ်းကပ်၍ ရှေ့ဖြစ်ဟောခိုင်းရသည်ဟု ယုံကြည်သည်အထိပင် ဖြစ်ပေသည်။

လူမျိုးတိုင်းတွင် စုန်းကဝေပညာသည်ဟု အစွပ်စွဲခံရသူများကို စုန်းကဝေ ဟုတ်မဟုတ် စမ်းသပ်သော ကိုယ်ပိုင်နည်းများ ရှိတတ်ကြပေသည်။

ဂျပန်လူမျိုး၏ နည်းများမှာ ကျိုက်ကျိုက်ဆူနေသော ရေနွေးထဲတွင် ရွှံ့ထည့်၍ ဖျော်ပြီးလျှင် စုန်းဟု အစွပ်စွဲခံရသူကို ထိုဖျော်ရည်ထဲသို့ လက်နှိုက်၍ မွှေစေသောနည်းဖြစ်၏။ ဤသို့ရေနွေးထဲသို့ လက်နှိုက်မွှေပါလျက် လက်ချောင်းများတွင် အရေခွံလန်ခြင်း၊ အဖုပေါက်ခြင်းများ မပေါ်ပေါက်လျှင် အပြစ်မရှိဟု ယူဆကာ ဖမ်းဆီးထားသူကို လွှတ်လိုက်လေတော့သည်။

အခြားနည်းတစ်ခုမှာမူ အဆိပ်ရှိသော မြွေများထည့်ထား သည့် ပခြုပ်အတွင်းသို့ လက်နှိုက်စေသောနည်း ဖြစ်လေသည်။ ဤနည်းဖြင့် စမ်းသပ်ရာတွင် အစွပ်စွဲခံရသူကို ပခြုပ်ထဲသို့ လက်နှိုက်စေလျက် မြွေအကိုက်မခံရလျှင် အပြစ်မရှိဟု ယူဆကြလေသည်။

လမ်းဆုံလမ်းခွသည် ဂျပန်လူမျိုးများအတွက် မကောင်းသော အဓိပ္ပာယ်မျိုးကိုဆောင်ကြောင်း ကျွန်ုပ်တို့ သိခဲ့ရပေပြီ။

သို့သော် ဂျပန်လူမျိုးတို့ မကြာခဏပင် အ,မင်္ဂလာဌာနဟု သတ်မှတ်ထားသော ထိုလမ်းဆုံလမ်းခွများပေါ်တွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပလေ့ရှိကြသည်မှာလည်း အံ့သြဖွယ်ရာ တစ်ရပ်ပင်ဖြစ်၏။

ထူးဆန်းသည်မှာ ဂျပန်လူမျိုးတို့၏ တစ္ဆေသူရဲများမှာ မိန်းမများ ဖြစ်နေကြခြင်းပင်ဖြစ်၏။ ယင်းတို့သည် ရေတွင်းပျက်များ၊ သစ်

mgyoe.com

mgyoe.com


တောထဲနှင့် မှောင်မိုက်သော နေရာဌာနများတွင် ချောက်လှန့်ကြသည်ဟု ဆိုလေသည်။ အဆန်းကျယ်ဆုံးမှာ ဂျပန်တစ္ဆေသူရဲများတွင် ခြေထောက် မပါရှိခြင်းပင် ဖြစ်သည်။

ဂျပန်နှင့်တရုတ်လူမျိုးတို့၏ ဝိညာဉ်လောကဆိုင်ရာ ယုံကြည်မှု တို့သည် ထိုလူမျိုးတို့၏ဘဝတွင် အလွန်ပင် အရေးပါအရာရောက်သော အခန်းမှ ပါဝင်ပေသည်။ တရုတ်လူမျိုးတို့၏ ရိုးရာနတ်၊ တစ္ဆေကြီးပွဲ စသည်တို့ ကျင်းပပုံကို အများအသိပင်ဖြစ်၏။ အကျယ်မဖော်ပြလို တော့ပေ။

မြေခွေးနှင့်မြွေတို့သည် စုန်းတစ္ဆေပညာတွင် များစွာအသုံးဝင် သော တိရစ္ဆာန်များ ဖြစ်ကြဟန်ရှိပေသည်။

သို့သော် အခြား တိရစ္ဆာန်များမှာလည်း အိုမင်းသော အပိုင်းသို့ ရောက်လျှင် သူရဲတစ္ဆေ စသည့်ဝိညာဉ်တစ်ခုခု၏ ဝင်စားခြင်းကို ခံရဲမြဲ ဖြစ်သည်ဟုလည်း ယုံကြည်ကြပေသည်။

ဂျပန်လူမျိုးတို့၏ယုံကြည်မှုမှာ သေခါနီးဆဲဆဲ လူတစ်ယောက် ၏ဝိညာဉ်သည် ကိုယ်ခန္ဓာမှ ထွက်ခွာမသွားမီ ဘုရားကျောင်းတော်ပေါ် သို့ သွားရောက်၍ မိမိ၏ဝိညာဉ် လာရောက်တော့မည့်အကြောင်း ကျောင်းတော်ရှိ ဝိညာဉ်ခေါင်းလောင်းကိုထိုး၍ အချက်ပေးတတ်သည် ဟူ၍လည်း အဆိုရှိပေသည်။

ဂျပန်တို့၏ "အိုနီ" ခေါ် တစ္ဆေကြီးသည် အလွန်ပင် ကြောက် မက်ဖွယ်ရာကောင်း၍ လွန်မင်းစွာအရုပ်ဆိုးကာ ကြီးမားသောခွန်အား ကို ပိုင်ဆိုင်သူဖြစ်သည်ဟု ဆိုလေသည်။

တင်ဂါခေါ် တစ္ဆေကြီးကမူ မကောင်းမှုများကို အမြဲတမ်း ကြံ စည်လျက် လူတို့အပေါ်သို့ ရောဂါဘယများကျရောက်စေရန် အမြဲတမ်း ကြံစည်နေတတ်သည်ဟု ဆိုပေသည်။

mgyoe.com

mgyoe.com


ဂျပန်လူမျိုးများက ကဝေများ စုန်းများသည် အလွန်ကြီးမားသော အတ္တဘောကို ဖန်ဆင်းနိုင်စွမ်းရှိပြီး မည်မျှပင်ကွာဝေးသော အရပ်ဒေသသို့ပင်ဖြစ်စေ၊ ခြေကျင်တစ်လှမ်းတည်းဖြင့် အရောက်သွားနိုင်သည်ဟု ဆိုလေသည်။

တရုတ်အဆောက်အဦများတွင် တွေ့ရသော အကောက်များအကွေ့များ၊ အချွန်အတက်များနှင့် ခြသေ့ရုပ်များမှာ တစ္ဆေကြီးတစ်ကောင်ကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်ဟု အဆိုရှိလေသည်။

ထိုတစ္ဆေကြီးမှာ "ရှား" ဟု အမည်တွင်ပြီး လမ်းဖြောင့်ကိုသာလျှင် သွားတတ်သော တစ္ဆေကြီးဖြစ်သည်ဟု ဆို၏။ အဆောက်အဦးများတွင် အကွေ့အချိုး မြောက်မြားစွာထည့်ဆောက်ထားခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတစ္ဆေကြီးကို မျက်စိလှည့်နိုင်ရန်ပင် ဖြစ်သည်။ အဆောက်အဦးအမိုးများပေါ်တွင် မြေဖြင့်ပြုလုပ်ထားသော ခြသေ့ရုပ်များထားရှိခြင်းသည်လည်း ထိုတစ္ဆေကြီးကို ခြောက်လှန့်ထုတ်ရန်အတွက်ပင် ဖြစ်လေသည်။

ရှေးခေတ်တစ္ဆေများ၏အကြောင်းမှာ ယခုခေတ်လူတို့အဖို့ စိတ်ဝင်စားဖွယ် ပုံပြင်ကောင်းများ ဖြစ်လာခဲ့သော်လည်း ရှေးခေတ်လူတို့အဖို့မူကား ထိုတစ္ဆေကြီးများရန်ကိုလည်း ကြောက်လွန်း၍ နည်းမျိုးစုံဖြင့်ကာကွယ်ခဲ့ရသည်မှာ မအားလပ်နိုင်အောင်ပင် ရှိခဲ့ကြရပေသည်။

တိဘက်ပြည်သည် အရှေ့တစ်ခွင်တွင် မှော်ပညာ၏ လွှမ်းမိုးခြင်းကို ခံရဆုံးသော တိုင်းပြည်တစ်ပြည် ဖြစ်သည်နှင့်အမျှ ရှေးခေတ်ကတိဘက်ပြည်သူပြည်သားများသည် တစ်ရံမလပ်ဆိုသလို အသက်ကိုဖက်နှင့်ထုပ်ထားရမတတ် ကျီးလန့်စာစား နေထိုင်ခဲ့ကြရပေသည်။

ရှေးတိဘက်တို့၏ ကိုးကွယ်မှုများထဲတွင် "ပေခါ" ဆိုသော

mgyoe.com

mgyoe.com


မိစ္ဆာကောင်ကြီးတစ်ကောင်လည်း ပါဝင်ပေသည်။ ထိုမိစ္ဆာကြီးမှာ ဘုရားကျောင်းကန်များကို စောင့်ရှောက်သော မိစ္ဆာကြီးဖြစ်ပြီး "ဦး ထုပ်ဝါဂိုဏ်း" ဝင် မှော်ဆရာများ၏ ခေါင်းစွဲလည်း ဖြစ်ပေသည်။

ထိုမိစ္ဆာကြီးသည် လူ၏ အသွေးအသားများဖြင့် ပူဇော်ပသသည်ကို အလွန်နှစ်လိုသည်ဆို၏။ ထိုမိစ္ဆာကြီး၏ ထူးခြားသော တန်ခိုးမှာ ရွှေငွေတူးဖော်၍ ရမည့်နေရာကို ညွှန်ပြနိုင်ခြင်းပင် ဖြစ်လေသည်။

တိဘက်တို့အပေါ်တွင် "ပေခါ" ၏ ကြီးစိုးမှုမှာ ရှေးယခင်ကသာလျှင် မဟုတ်သေး။ ယခုတိုင်ပင် ကြီးမားနေပေသေးသည်။ ယခုခေတ် "ပေခါ" ကို ပသရာတွင် ရှေးယခင်ကကဲ့သို့ လူသားယဇ်ကောင်၏ အသွေးအသားများကို အသုံးမပြုတော့ဘဲ တိရစ္ဆာန်များ၏ဦးနှောက်နှင့်သွေးကို လူခေါင်းခွံဖြင့် ထည့်၍သာ ပသရတော့သည်။

ထိုသို့ "ပေခါ" ကို ပူဇော်ပသပွဲများ၌ လူ၏ပေါင်ရိုးဖြင့် ပြုလုပ်ထားသော ပလွေများကိုမှုတ်၍လည်းကောင်း၊ လူဦးခေါင်းခွံဖြင့် ပြုလုပ်ထားသော ဗုံများကိုတီး၍လည်းကောင်း၊ ဆိုင်ရာပိုင်ရာဝိညာဉ်များကို ခေါ်ယူကြလေသည်။

မှော်ဆရာများ၏ အသုံးအဆောင်များအနက် လေးမြှောင့်ဦးချွန်ရှိသော ဓားမြှောင်သည် သရဲတစ္ဆေ စုန်း စသည်တို့ကို သတ်သည့်နေရာတွင်ပါဝင်ရ၏။ ထိုဓားဖြင့် ပယောဂကပ်ငြိသူကိုထိုးလျှင် ပယောဂပျောက်ကင်းသည်ဟု ဆိုလေသည်။

အရှေ့တိုင်းမှ မှော်ပညာများမှ များသောအားဖြင့် ဘာသာရေးနှင့် ရှင်းမရအောင်ပင် ရှုပ်ထွေးနေတတ်ကြလေသည်။ မိစ္ဆာများကို ဆီမီးပူဇော်ခြင်း၊ ဖယောင်းတိုင်ပူဇော်ခြင်းသည်လည်း အရှေ့တိုင်း၏ ယနေ့တိုင် ဖျောက်ဖျက်မရသော ဓလေ့တစ်ခု ဖြစ်ပေသည်။

မြန်မာပြည်သည်လည်း ထိုနည်းတူစွာပင်ဖြစ်၏။ ဘာသာရေး

mgyoe.com

mgyoe.com


သည် နတ်ကိုးကွယ်မှုများနှင့် ရောထွေးလျက်ရှိပြီး ရှေးဘုရင်များ လက်ထက်က တာတမံဆည်မှအစ အဆောက်အဦ ကြီးကြီးမားမား ဆောက်လျှင် ထောင့်လေးထောင့်၌လည်းကောင်း၊ မုခ်ဝများ၌လည်း ကောင်း၊ လူကိုပင် အရှင်လတ်လတ်မြေမြှုပ်၍ စတေးလေ့ရှိသည်ဟု အဆိုရှိလေသည်။ "မအောင်ဖြူ" ဆိုသော နတ်စိမ်းမမှာလည်း ရှေး မြန်မာမင်းများ၏ အယူလွဲမှားမှုမှ ပေါ်ပေါက်လာရသော နတ်စိမ်းတည်း။

မှော်ဆရာများထံမှောက်တွင် ရှေးဖြစ်မေးသော အလေ့မှာ ရှေး ယခင်ကသာလျှင်မဟုတ်။ ယခုခေတ်တွင်လည်း ခေတ်နောက်ကျနေ သော လူမျိုးများတွင် ဆက်လက်အမြစ်တွယ်နေဆဲပင် ရှိသေး၏။ အိပ် စက်ရာ၌ပင် ယခုတိုင် စိတ်ချလက်ချ မအိပ်ဝံ့ကြသေးဘဲ လူခေါင်းခွံနှင့် လက်ဖျံရိုးများကို ခေါင်းရင်းတွင်ထား၍ အိပ်နေကြသေးသည်ကို တွေ့ရ ပေသည်။

ထိုသို့ အိပ်ရာခေါင်းရင်းတွင် လူခေါင်းခွံနှင့် လက်ဖျံရိုးများကို ထားရှိခြင်းသည်။ အိပ်ပျော်နေခိုက် ဘေးဥပဒ်န် တစ်စုံတစ်ရာ ကျရောက် လာလျှင် လူဦးခေါင်းခွံက သတိပေးလိမ့်မည်ဟု ယုံကြည်နေသောကြောင့် ဖြစ်သည်။

အချို့ဒေသများတွင် ခေါင်းရင်း၌ တရိုတသေ ကိုးကွယ် ထား သော လူဦးခေါင်းခွံများကို ဆန်၊ အဖျော်ယမကာ စသည်တို့နှင့် ပသလေ့ လည်း ရှိကြပေသည်။

အိန္ဒိယပြည်တွင် မှော်ပညာကို လူအများ စိတ်ဝင်စားလာကြ ခြင်းမှာ အခြားကြောင့်မဟုတ် လူသေရာမှ ဖြစ်ပေါ်လာသော ဝိညာဉ်များ ၏ရန်ကို ကြောက်ရွံ့ခြင်းကြောင့်ဖြစ်ပေသည်။ အစိမ်းသေများက လူကောင်းများကို ဒုက္ခပေးနိုင်သည်ဟု ယုံကြည်ကြလေသည်။

အိန္ဒိယလူမျိုးတစ်ယောက်အဖို့ အိမ်ထောင်မပြုရသေးမီ လူပျို

mgyoe.com

mgyoe.com


အပျိုဘဝဖြင့် သေဆုံးရလျှင် အလွန်ကံဆိုးသည်ဟု ယူဆလေသည်။ ဤသို့ လူပျိုအပျိုဘဝနှင့် သေဆုံးရာမှ ဖြစ်ပေါ်လာသော ဝိညာဉ်များကိုလည်း အလွန်ပင်ကြောက်ရွံ့ကြပေသည်။

လူပျိုသရဲများမှာ လမ်းသွားလမ်းလာများကို နှောင့်ယှက်တတ်သည့်အပြင် ခရီးသွားများကို လမ်းမှားသို့ ညွှန်ပြတတ်သည်ဟုဆိုလေသည်။ ထို့ပြင် ခင်ပွန်းဖြစ်သူ ခရီးလွန်နေသောအိမ်များသို့ ဝင်ရောက်ကာ ခရီးထွက်ရာမှ ပြန်ရောက်လာသော ခင်ပွန်းသည် အယောင်ဆောင်ပြီး ကြာခိုတတ်သေးသည်ဟု ဆိုလေသည်။

ထို့ကြောင့်ပင် အိန္ဒိယပြည်တွင် ငယ်ငယ်ရွယ်ရွယ်နှင့် သေဆုံးသွားသော ယောကျ်ားကလေးများနှင့် မိန်းကလေးများကို ဝိညာဉ်ချင်းလက်ထပ်ပေးသော အလေ့အထသည်လည်း ပေါ်ပေါက်ခဲ့ရပေသည်။

ဥပမာ အဆောက်အဦတစ်ခုခုတွင် သရဲဘဘက်၊ ကပ်နေပါမူ ထိုတစ္ဆေသရဲကိုနှင်ရန်အတွက် ပယောဂဆရာများသည် ၎င်းအဆောက်အဦးကို အပ်ချည်များနှင့် ချည်နှောင်လိမ့်မည်၊ ပြီးလျှင် ပိုသောကြိုးစတစ်ဖက်ကို နီးရာသစ်ပင်တစ်ပင်တွင် ချည်နှောင်လိမ့်မည်ဖြစ်၏။

ရည်ရွယ်ချက်မှာကား မလိုလားအပ်သော သရဲတစ္ဆေအား သူ့ကိုယ်သူ သစ်ပင်တွင် ချည်နှောင်ထားသော ကြိုးစဖြင့် ဖွဲ့ကြိုးချ သေစေရန်ပင်ဖြစ်လေသည်။ ထို့ပြင် သံ သို့မဟုတ် သပ်များဖြင့် အိမ်တိုင်ခြေများတွင် သပ်ရိုက်ခြင်းများလည်း ရှိပေသေးသည်။

အိန္ဒိယပြည်တွင်းသို့ ဝင်ရောက်လာသော မှော်ပညာများမှာ ယနေ့တိုင် ခြေကုတ်မြဲလျက်ပင် ရှိသေးသည်ကို တွေ့ရ၏။ ရှေးခေတ်က ယခုထက်ပင် သြဇာညောင်းချေသေးသည်။

ရှေးခေတ်မှော်ဆရာတို့သည် သေသူ၏ ဝိညာဉ်များကို ဖလ်ပေါင်းချောင်ထဲတွင် ထည့်၍လည်းကောင်း၊ ပုလင်းထဲထည့်၍ လည်း

mgyoe.com

mgyoe.com


ကောင်း အလိုရှိသူကို ရောင်းလေ့ရှိသည်ဟု ဆိုလေသည်။

တစ်ဦးတစ်ယောက်သောသူက အခြားတစ်ဦးကို လက်စားချေ လိုလျှင် မှော်ဆရာပုလင်းတွင် ထည့်၍ ရောင်းချနေသောဝိညာဉ်ကို ဝယ်၍ မည်သို့လက်စားချေရမည်ကို အမိန့်ပေးလိုက်ရန်ပင်ဖြစ်သည်။

ရည်ရွယ်ချက်မှာ ဤသို့ ဝိညာဉ်ချင်း လက်ထပ်ပေးလိုက်ခြင်း အားဖြင့် လူကောင်းများ၏ အိမ်ထောင်ရေးများကို ဝင်မရှုတ်နိုင်အောင် ပင်ဖြစ်သည်။

အချို့သောဒေသများတွင် အပျိုအရွယ်မိန်းကလေး တစ် ယောက်ယောက် သေဆုံးခဲ့သော် ထိုသေသူမိန်းကလေးနှင့် လက်ထပ်ရန် ရွာရှိလူပျိုများအနက် သင့်တော်သူတစ်ယောက်ကို ရွေးချယ်လေ့ ရှိသည် ဟုဆိုသည်။

အချို့နေရာများတွင်မူ သေသူမိန်းကလေး၏ ရုပ်ကလာပ်ကို မြေမြှုပ်သင်္ဂြိုဟ်ခြင်းမပြုမီ ရွာရှိ လူပျိုတစ်ယောက်ယောက်နှင့် ကာမရာဂ ပင် စပ်ယှက်စေလေသည်။

ရှေးခေတ်အိန္ဒိယလူမျိုးတို့သည် ရောဂါဘယတိုင်းကို ပယောဂ ဟု ထင်မှတ်ခဲ့ကြသည်။ ပယောဂကုသော နည်းလမ်းများမှာလည်း ပေါများလှဘိ၏။

အများသုံးနည်းတစ်ခုမှာ ဆိတ်ကိုဝယ်ယူပြီးလျှင် ၎င်းဆိတ်ကို အခမ်းအနားဖြင့် သွေးဖြန်း၍ ဘေးမဲ့လွှတ်သောနည်းပင် ဖြစ်၏။ ဤသို့ ဆိတ်ဘေးမဲ့လွှတ်ခြင်းမှာ လူနာပေါ်တွင် ကျရောက်သော ဘေးအန္တရာယ် ကို ဆိတ်က တန်ဆာခံသွားလိမ့်မည်ဟု ယုံကြည်ခြင်းကြောင့်ဖြစ်သည်။

ပယောဂကုထုံးများတွင် သံနှင့်အပ်ချည်ကိုလည်း အသုံးပြု သည်ကို တွေ့ရပေသည်။

အိန္ဒိယပြည်၏ အချို့သောဒေသတို့တွင် လူတစ်ယောက်

mgyoe.com

mgyoe.com


သေခြင်းသည် အခြားလူတစ်ယောက် မွေးမြူထားသော ဝိညာဉ်က သေသူ၏ဝိညာဉ်ကို ခိုးယူသွားခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ယုံကြည်လေသည်။

ထို့ကြောင့် လူတစ်ယောက်သေလျှင် မိဘဆွေမျိုးဖြစ်သူက မှော်ဆရာတစ်ဦးဦးထံသို့ ချဉ်းကပ်ကာ ကွယ်လွန်သူ၏ဝိညာဉ် မည်သည့်နေရာတွင် ရောက်ရှိနေသည် သို့မဟုတ် မည်သူ့ထံတွင် ရောက်ရှိနေသည်ကို မေးမြန်းရသည်။ ဤသို့မေးမြန်း၍ သိသောအခါ ကွယ်လွန်သူ၏ ဝိညာဉ်ကို ပြန်တွေ့ယူရန် အခမ်းအနားဖြင့် ယဇ်ပူဇော်ခြင်း၊ ခေါ်စာပစ်ခြင်းများ ပြုရလေသည်။

ထိုသို့ပြန်တွေ့၍ ဝိညာဉ်အိမ်သို့ ပြန်ရောက်ပြီးဟု မှော်ဆရာဖြစ်သူက ညွှန်ကြားသောအခါ ဝိညာဉ်ကို ပုလင်းတစ်လုံးတွင်ထည့်၍ ကောင်းစွာသိမ်းဆည်းထားရလေသည်။ ပုလင်းထဲတွင် သိုလှောင်ထားသော ဝိညာဉ်ကိုလည်း အခါအားလျော်စွာ အစာရေစာ တိုက်ကျွေးရလေသည်။

ဥရောပတိုက်တွင်မူ သိပ္ပံပညာကို တတ်လာသည်က တစ်ကြောင်း၊ ဘာသာရေးဂိုဏ်းများ၏ ခြေပျက်မှုကြောင့်လည်းကောင်း၊ ရှေးဟောင်းအယူသီးမှုများ အနည်းငယ်လျော့နည်းသွားသည်။ သို့မဟုတ် ပုံစံပြောင်းသွားသည်ဟု ဆိုနိုင်ပြီဖြစ်သော်လည်း အရှေ့တိုင်းမှာမူ ရှေးဟောင်းအယူသီးမှုကြီးကိုပင် လိုလိုလားလားပင် ဖက်တွယ်ထားရှိသေးပြီး ရှေးနှစ်ပေါင်း အထောင်အသောင်းက အမွေဆိုးများကို ပုံစံမပြောင်းဘဲ သားစဉ်မြေးဆက် လက်ဆင့်ကမ်းနေဆဲ ရှိပေသေးသည်။

မရှိသည်ကို အရှိလုပ်၍လည်းကောင်း၊ လားလားမျှကြောက်စရာမရှိသည်ကို ရောမကြောက်မက်ဖွယ်ကြီးအဖြစ် လက်ခံ၍လည်းကောင်း၊ မိမိတို့၏ သားမြေးများအား ထိုအမွေများ ရက်ရက်ရောရော

mgyoe.com

mgyoe.com


ပေးကမ်းလျက် နေသေးသည်ကိုလည်း ဝမ်းနည်းဖွယ် တွေ့နေရသေးသည်။

❑

mgyoe.com

mgyoe.com

# [ ၃ ]

## အီဂျစ်တို့၏ နတ်ပွဲများနှင့် ကိုးကွယ်မှုဓလေ့များ

အီဂျစ်တို့၏ အတိတ်သမိုင်းကိုလေ့လာပါမူ မိစ္ဆာကိုးကွယ်မှုများနှင့် မှော်ပညာများသည် ဘာသာရေးနှင့် ချည်ထွေးသမျှ ရှုပ်ထွေးစွာ ဖွဲ့နှောင်နေသည်ကို တွေ့ရမည် ဖြစ်လေသည်။

ရှေးဟောင်းမှတ်တမ်းအရဆိုပါမူ မှော်ပညာနှင့် အောက်လမ်းပညာရပ်များသည် အီဂျစ်နိုင်ငံတွင်သို့ စတုတ္ထမင်းဆက်လက်ထက်မှ စတင်အခြေချခဲ့ပြီး လူထုအကြားတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပေသည်။

အမှန်မှာကား အီဂျစ်တို့၏ မှော်ပညာသည် ၎င်းတို့ကိုးကွယ်သော နတ်ဘုရားများထက်ပင် ရှေးကျစွာ ပေါ်ထွန်းခဲ့လေသည်။

အီဂျစ်တို့၏ "တုတ်" ဟု အမည်တွင်သော လောကီပညာရှင်ကြီးသည် ပညာအရာတွင် တစ်ဖက်ကမ်းခပ်သည်ဟု ကျော်ဇောလေသည်။ ထိုမှော်ဆရာကြီးထံမှ ပညာရည်နို့သောက်စို့ခဲ့ပြီး ကျော်ဇောမှု

mgyoe.com

mgyoe.com

အမွေကို ဆက်ခံလာခဲ့သူမှာကား "ဟာမတ်(စ်)ထရစ်မစ်ဂျစ်စ တပ်(စ်)" ဆိုသူတည်း။

"ဟိုရပ်(စ်)ဆိုသော မှော်ဆရာကြီးမှာလည်း တန်ခိုးအရာတွင် တုပြိုင်ဘက်ကင်းသည်ဟု အဆိုရှိလေသည်။ "အက်စတိတ်မယ်တော်" မှာမူ ဒေါသမာန်မာန ကြီးမားသူ ဖြစ်၍ လူသတ္တဝါတို့အပေါ် ကြင်နာခြင်း ကင်းမဲ့စွာ ရေလမ်းသွားလျှင် ရေဘေးသင့်စေရမည်ဟု အမြဲတစေ ကျိန်စာတိုက်နေသူဖြစ်သည်ဟု ဆိုလေသည်။

ဟိုရပ်(စ်)၏မိခင် "မယ်တော်အိုင်စစ်" သည် မာယာရှင် ,ဘ် မိမယ်များ၏ ထွတ်ခေါင်ဖြစ်သည်။ ရှေးခေတ်က အီဂျစ်တို့သည် မယ်တော်အိုင်စစ်ကား နတ်မိစ္ဆာတို့၏ ရန်အပေါင်းမှ အကာအကွယ်ပေးသူ အဖြစ်လည်းကောင်း၊ ဖန်ဆင်းရှင်အဖြစ်ဖြင့်လည်းကောင်း ကိုးကွယ်ခဲ့ကြသော်လည်း ကာလရွေ့လျားသောအခါ သူမအပေါ် အီဂျစ်တို့၏ အမြင်မှာ ပြောင်းလဲလာခဲ့ကြလေတော့သည်။

ယခုအခါတွင်မူ အိုင်စစ်မယ်တော်၏ အဆင့်မှာ ကဝေမယ်တော်ကြီးတစ်ဦး၏ အဆင့်သာလျှင် ရှိပေတော့သည်။

ဤသို့ အောက်လမ်းသို့ အဆင့်လျောသွားခြင်းမှာ မလျော်ကန်သော လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် လုပ်ခဲ့ကြသော "နိုး အစ်(စ်)" ဂိုဏ်းဝင်များကြောင့် ဖြစ်ပေသည်။ ဤသည်မှာလည်း အယူသီးမှုများ၏ နောက်ဆုံးဦးတည်ရွေ့လျားရာ တစ်ရပ်ပင်မဟုတ်ပါလော။

ရှေးခေတ်က "အိုင်စစ်မယ်တော်" ကို တိုင်တည်လျှင် ဤသို့ တိုင်တည်ရလေသည်။

"အို ကြီးမြင့်သော မာယာရှင် အိုင်စစ်မယ်တော်၊ ကျွန်တော် ကျွန်မတို့အား မကောင်းသော ဘေးဥပဒ်နှင့် နိမြန်းသော အဆင်းရှိသည့် ဘေးဒုက္ခအပေါင်းမှ ကင်းငြိမ်းစေရန် စောင်မပါလော့၊ နတ်မင်း ဘုရားမ

mgyoe.com

mgyoe.com


များ၏ အငြိုးအငြင်မှ ကင်းငြိမ်းစေရန် စောင်မကြည့်ရှုတော်မူပါလော၊ သေခြင်းနှင့် နာခြင်းတည်းဟူသော ဒုက္ခအပေါင်းမှ မယ်တော်၏ သားတော်ဟိုရပ်(စ်)အား ကယ်မသည့်နည်းတူ ကယ်မပါလော့၊ ရေဘေး မီးဘေးမှလည်း လွတ်ငြိမ်းခွင့်ပေးပါလော့၊ ကြီးမြတ်သော အို .... အိုင်စစ် မယ်တော်..."

ဤဆုတောင်း၏ အဓိပ္ပာယ် အတိအကျမှာ အနည်းငယ် ထွေပြားနေသယောင် ရှိသော်လည်း မီးဘေး ရေဘေးမှ လွတ်ငြိမ်းလိုသော ဆုတောင်းသူ၏ ဆန္ဒမှာမူ ပေါ်လွင်ထင်ရှားနေပေသည်။

အထူးတလည် စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အနီရောင် အဆင်းရှိသော အရာဝတ္ထုများပေါ်တွင် အီဂျစ်တို့ ထားရှိခဲ့သော သဘောပင်ဖြစ်လေသည်။

အီဂျစ်တို့သည် အနီရောင်အဆင်းရှိသော အရာဝတ္ထုတစ်ခုခုကိုမြင်လျှင် မကောင်းဆိုးဝါးတစ်ကောင်ကောင်ကို မျက်ဝါးထင်ထင် တွေ့မြင်ရဘိသို့ ထိတ်လန့်ကြပေသည်။

မည်မျှ အီဂျစ်လူမျိုးတို့ အနီရောင်ပေါ်တွင် အယူသီးသနည်းဟူမူ ဆံပင်အနီရှိသူများကိုပင် အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခဲ့သည် အထိပင် ဖြစ်ပေသည်။

မည်သို့ရှိစေ အီဂျစ်တို့သည် မှော်အတတ်တွင်သာလျှင် အာရုံတစ်ခုတည်း ထားခဲ့ကြသည် မဟုတ်ဘဲ ယနေ့ ဓာတုဗေဒ၏ အခြေခံဖြစ်သော ဓာတ်သတ္တုလေ့လာမှုများ၊ နက္ခတ်ပညာများ၊ သင်္ချာဗေဒကိုပါ အာရုံစိုက်၍ လေ့လာခဲ့ကြသဖြင့် အသိပညာ အတတ်ပညာ သမိုင်းတွင် အဦးဆုံးလမ်းထွင်သူများအဖြစ် ရာဇဝင်တွင် ကျန်ရစ်ရပေသည်။

သတ္တုဗေဒပညာရှင်များသည် ရှေးခေတ် အီဂျစ်ပြည်တွင် အလယ်ခေတ်ဥရောပတိုက်နည်းတူ တန်ခိုးရှင်မှော်ဆရာကြီးများနှင့်

mgyoe.com

mgyoe.com


ထပ်တူထပ်မျှပင် လူများ၏ အထင်ကြီးခြင်းကို ခံခဲ့ရလေသည်။

အီဂျစ်တို့သည် အောက်လမ်းပညာများနှင့် အထက်လမ်း ပညာရပ်များကို ခွဲခြားရကောင်းမှန်းမသိဘဲ အထွေးထွေး အရောရောပင် လေ့လာလိုက်စားခဲ့ကြသည်။ တစ်ဆက်တည်းမှာပင် မှော်ပညာများနှင့် ဘာသာရေးကိုလည်း ရောနှောခဲ့ကြလေသည်။

သို့ရာတွင် အောက်လမ်းပညာနှင့်ပတ်သက်သော ဒုစရိုက်မှုမှန်သမျှကိုမူ ကျပ်တည်းသော စည်းမျဉ်းများချထား၍ ကွပ်ကဲထိန်းချုပ်ကြပေသည်။

အီဂျစ်တို့၏ တရားရေးမဏ္ဍိုင်က စုန်းကဝေနှင့်ပတ်သက်သော ပြစ်မှုမှန်သမျှကို ခြေလက်အင်္ဂါများကိုဖြတ်၍ အပြစ်ပေးခြင်းနှင့် အကြီးမြင့်ဆုံးသော သေဒဏ်ပေးခြင်း စသည့် ကြီးမားသော ဒဏ်ခတ်ခြင်းများကိုပင် ပြုလုပ်ခဲ့လေသည်။

အီဂျစ်ပြည်၏ တတိယမင်းဆက်လက်ထက်တွင် ကိုယ်လုပ်မောင်းမများက အောက်လမ်းပညာများဖြင့် တော်လှန်ထောင်ထားရန် ကြံစည်မှုများ ဖြစ်ပွားခဲ့ဖူးကြောင်း မှတ်တမ်းများတွင် တွေ့ရှိရခဲ့ရပေသည်။

ထိုမှတ်တမ်းအရ ကိုယ်လုပ်မောင်းမ နှစ်ယောက်သည် အောက်လမ်းပညာနှင့်ပတ်သက်သော စာများရေး၍ အများပြည်သူအယူမှားစေရန် ပြုလုပ်ပြီးလျှင် ယောကျာ်းတို့၏ ကိုယ်လက်အင်္ဂါများကို အားနည်းစေသည့်ဆေးများကို စီရင်ခဲ့ကြသည်ဟုဆိုသည်။

ထိုပြစ်မှုများကို နောက်ဆုံး ဘုရင်သိရှိသွားသောအခါ ပြစ်မှုကျူးလွန်သူ နည်းထွင်သူနှစ်ယောက်အား သေဒဏ်ပေးခဲ့လေသည်။

အီဂျစ်တို့သည် အစိမ်းသေသည်၊ သရဲကုတ်ချိုးသည်၊ လေလွင့်နေသော ဝိညာဉ်များအား လူ၏အသိစိတ်တွင် ဝင်ရောက်တွယ်ကပ်နိုင်

mgyoe.com

mgyoe.com


သည်ဆိုသည်တို့ကို အထူးပင် ယုံကြည်ပေသည်။

အာရှတိုက်မှ သူရဲမများနှင့် နီဂရိုးသရဲမများသည် ညအခါများတွင် အမှောင်ကိုခို၍ ဝင်ရောက်လာတတ်သည်ဟူ၍လည်း ယုံကြည်လေသည်။

သရဲမများသည် နှာခေါင်းဖောက်ထိုး မျက်နှာပြောင်းပြန်များဖြင့်လေဟုန်စီး၍ ဝင်လာလေ့ရှိသည်ဟု ဆိုလေသည်။

မှော်ပညာတွင် လူ၏အသည်းကို ထုတ်ယူသောပညာလည်းပါဝင်၏။ ရှေးဟောင်းမှတ်တမ်းများတွင် ကျွန်ုပ်တို့တွေ့ရသော ကျိန်စာတစ်ခုမှာ အောက်ပါအတိုင်းဖြစ်၏။

"သင်သည် မြေတွင် ဘုံးဘုံးလဲလျက် သင့်ခါးဝတ်သည်လည်းမြေတွင် ပြန့်ကြဲပါစေ၊ ထိုနေရာ၌ပင် သင့်အသည်းလည်း သင့်ရင်မှအန်ထွက်ပြီး ဖြစ်ပါစေ"

အီဂျစ်ရှေးဟောင်း ပန်းချီကားတစ်ချပ်တွင် အသည်းနှုတ်ယူလာရန် လာရောက်သော သရဲတစ္ဆေများကို ကာကွယ်နေသည့် ဘုန်းကြီးတစ်ပါး၏ပုံကို တွေ့ရပေသည်။

ထိုပုံတွင် ဘုန်းကြီး၏အသည်းကို ထုတ်ယူရန် ဟန်ပြင်နေသော မိစ္ဆာကောင်ကြီး၏ ရုပ်သွင်မှာ လူရုပ်လည်းမပီ၊ မြောက်ဝံရုပ်လည်းမကျသော ရုပ်မျိုးဖြစ်ပြီး ဓားမြှောင်ကြီးက လက်စွဲကိုင်ထားသည်ကိုတွေ့ရသည်။ ထိုသို့ မိစ္ဆာကောင်ကြီးက အမြီးထောင် လက်မြှောက်လျက်ရှိစဉ် ဘုန်းတော်ကြီးက အသည်းကို လက်ထဲတွင်ကိုင်လျက် ကာကွယ်နေသောပုံ ဖြစ်လေသည်။

မှော်ဆရာပညာကို လူတိုင်းလိုလိုတတ်သော အချို့သော ဒေသတို့တွင် မှော်ဆရာများအား ၎င်းတို့၏နတ်များ၊ စုန်းကဝေများ ဝိညာဉ်များကို ကြောက်ရွံ့ရှိသေ၍ လေးစားခြင်းထက် ထိုဆရာတို့၏ ပညာဂုဏ်

mgyoe.com

mgyoe.com


အနိမ့်အမြင့်ကိုလိုက်၍ လေးစားကြည်ညိုကြသည်က များလေသည်။

ထိုဒေသမျိုးတွင် လူတိုင်းမှာ ပညာတတ်မြောက်နေသည်ဖြစ်၍ အခါအခွင့်သင့်တိုင်း ပညာစမ်းနေကြသည်ဖြစ်ရာ ၎င်းတို့၏ အစီအမံများ မအောင်မြင်သည့်အခါက များပေသည်။

သို့သော် ဤသို့ အပျော်တမ်း မှော်ဆရာများက လက်တည့်စမ်း၍ မအောင်မြင်သည်မှာ အရေးတစ်ရပ် မဟုတ်သော်လည်း ဆရာကြီးဘွဲ့ခံ ကြေးစားမှော်ဆရာများကမူ မိမိတို့မှားလျှင် သိက္ခာကျဆင်းမည်ကို သိရှိကြသဖြင့် အစီအမံတစ်ခုကို ပြုလုပ်တိုင်းအမှားကို လူထုပရိသတ် မရိပ်မိစေရန် ကြီးကျယ်ခမ်းနားသော အခင်းအကျင်းကြီးများနှင့် ကိုးကွယ်ရန် ကြိုးစားခဲ့ကြလေသည်။

"ဟီလီယိုပိုရစ်" သင်္ချိုင်းဂူတွင်လည်း အလားတူ ယဇ်ပူဇော်ပွဲများ ကျင်းပခဲ့ကြောင်း ရှေးဟောင်းမှတ်တမ်းများတွင် တွေ့ရပေသည်။ ထိုသို့ မှော်ဆရာတစ်ပိုင်း သာသနာ့ဝန်ထမ်းတစ်ပိုင်း ဘုန်းကြီးများ၏ လူ့အသွေးအသားဖြင့် ယဇ်ပူဇော်သော ဓလေ့ထုံးစံများကို "အမစ်စစ်" ဘုရင်က ပိတ်ပင်ခဲ့ပြီး လူသားယဇ်ကောင်နေရာတွင် ဖယောင်းဖြင့်ပြုလုပ်ထားသော လူရုပ်နှင့် အစားထိုးခဲ့ရပေသည်။

စစ်တလင်းတွင်ကျသော အီဂျစ်စစ်သားများ၏ အလောင်းမှ လိင်အင်္ဂါနှင့် ခြေလက်အင်္ဂါတို့ကို ဖြတ်ယူသောဓလေ့လည်း အီဂျစ်ပြည်တွင် ထွန်းကားခဲ့ကြောင်း တွေ့ရပေသေးသည်။

ထိုအင်္ဂါအစိတ်အပိုင်းများကိုလည်း လိုအပ်သလို ဆေးစီရင်ပြီး မှော်ပညာတွင် အသုံးပြုခဲ့သည်ကို မှတ်တမ်းများတွင် တွေ့ရပေသည်။

အီဂျစ်ပြည်တွင် လူသေလောင်းများကို မပုပ်အောင် ဆေးစီရင်၍ သိမ်းဆည်းထားလေ့ရှိခဲ့ပေရာ ထိုသို့စီရင်ရာတွင် မှော်ဆရာများသည် ၎င်းတို့နှင့် ၎င်းတို့၏ နတ်ဘုရားများကို လူအများအထင်ကြီးလာစေရန်

mgyoe.com

mgyoe.com


နည်းမျိုးစုံနှင့် ကြံစည်တတ်ကြလေသည်။

ညအခါများတွင်လည်း ပညာသည်များသည် ဘုရားကျောင်း ပရိဝုဏ်အတွင်း၌ စုဝေးကြပြီး နည်းမျိုးစုံ စိတ်ကူးစိတ်သန်းမျိုးစုံနှင့် ထည့်သွင်းကြံဆထားသော ထူးထွေဆန်းပြားသည့် ပညာများကို ပြသ တတ်ပေသည်။

၎င်းတို့ပြသသည်ကို လာရောက်ကြည့်ရှုသူ လူထုပရိသတ်က ရင်သပ်ရှုမောကြသည်ဆိုလျှင် သူတို့အဖို့ ဝမ်းသာ၍မဆုံးနိုင်အောင်ပင် ဖြစ်နေတတ်ကြပေသည်။ အမှန်စင်စစ် မှော်ဆရာဆိုသည်မှာ သူတို့အား လူထုအထင်ကြီးစေရန်၊ လူအများအပေါ်တွင် သူတို့ ဩဇာကြီးစေရန် အချိန်နှင့်အမျှ ကြိုးစားကြံဆနေရသူများသာ ဖြစ်ပေသည်။

အီဂျစ်ပြည်၏ အိုစီရစ်(စ်) သင်္ချိုင်းဂူထဲတွင် လူသားယဇ် ကောင်များဖြင့် ယဇ်ပူဇော်ခဲ့သော အထောက်အထားများကို တွေ့ရ၏။

ထိုနည်းတူစွာ အလောင်းမှ ဖြတ်ယူရရှိသော ဆံပင်များကို ဖျောက်ဖျက်မပစ်ဘဲ သိမ်းဆည်းထားတတ်ကြပေသည်။ ထိုဆံစများ နှင့်အတူ လူသေ၏အသည်းကိုလည်း သိမ်းဆည်းထားတတ်ကြ၏။

ဤသို့ လူသေ၏ဆံပင်ကို သိမ်းဆည်းထားခြင်းဖြင့် လူသေ၏ ဝိညာဉ်ကို အကန့်အသတ်မရှိ စိုးမိုးနိုင်သည်ဟု ယုံကြည်ကြလေသည်။

အီဂျစ်မှော်ဆရာများသည် လူတစ်ယောက် ပျောက်ဆုံး၍ မေး မြန်းလျှင် ထိုသူ သေသည် ရှင်သည်ကို အတပ်ဟောနိုင်သည်ဟု အဆိုရှိ လေသည်။

အီဂျစ်တို့သည် ရေဗေဒင်ကိုလည်း ယုံကြည်ကြ၏။ ရေဗေဒင် ဆိုသည်မှာ ကြီးကောင်မဝင်သော ယောကျာ်းကလေးတစ်ယောက်ကို သော်လည်းကောင်း၊ ကိုယ်ဝန်ဆောင် မိန်းမတစ်ယောက်ကိုသော်လည်း ကောင်း၊ အသားမည်းကျွန်မတစ်ယောက်ကိုသော်လည်း ကောင်းခွက်

mgyoe.com